ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER

MIFER Newsletter
No: 1, Vol: 2/2025

ရင်းနှီး/ စီးပွားဝန်ကြီးဌာန

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၆ ရက် (တနင်္လာနေ့)

## စီးပွားရေးတိုးတက်မှု၏ အဓိကအထောက်အပံ့ဖြစ်သော ခရီးသွား လုပ်ငန်းအား ဟောင်ကောင်နှင့် စင်ကာပူ အပြိုင်ကြိုးပမ်း

စာမျက်နှာ ၁



## အမေရိကန်နှင့် တရုတ်တို့ ကုန်သွယ်ရေးတင်းမာမှုလျှော့ချရန်"ကနဦးသဘောတူညီမှု" ရရှိ

စာမျက်နှာ ၁၁



## စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်

စာမျက်နှာ ၂၄




## AI နည်းပညာ၏ သတိပြုစရာ အန္တရာယ်များ

စာမျက်နှာ ၃၁



# သတင်းများ

## နိုင်ငံတကာစီးပွားရေးကဏ္ဍ


| | | |
|---|---|---|
| စီးပွားရေးတိုးတက်မှု၏ အဓိက အထောက်အပံ့ ဖြစ်သော ခရီးသွားလုပ်ငန်းအား ဟောင်ကောင်နှင့် စင်ကာပူ အပြိုင်ကြိုးပမ်း | ဒေါ်နှင်းဇာလွှာ (UMO) | ၁ |
| နိုင်ငံ၏ စီးပွားရေးမြှင့်တင်ရန် တောင်ကိုရီးယား သမ္မတသစ် လီဂျေးမြောင် ကတိပြု | ဒေါ်ဟေမာန်ခိုင်ဝင်း (FERD) | ၃ |
| ကမ္ဘာ့နိုင်ငံရေး တင်းမာမှုများ၊ စီးပွားရေးဆိုင်ရာ အပြောင်းအလဲများနှင့် ဒီဂျစ်တယ်အသွင် ကူးပြောင်းရေး၏ အကျိုးဆက်များ ဆွေးနွေး | ဦးရန်အောင် (UMO) | ၄ |


## ကုန်သွယ်ရေးကဏ္ဍ


| | | |
|---|---|---|
| တားမြစ်ထားသော အခွန်စည်းကြပ်မှု၏ အကျိုးသက်ရောက်မှုကြောင့် မေလအတွင်း တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုအခြေအနေသည် ၂၀၂၂ ခုနှစ် ကာလနောက်ပိုင်း အဆိုးရွားဆုံး ကျဆင်းလာခြင်း | ဒေါ်ကေခိုင်ဦး (UMO) | ၇ |
| အမေရိကန်နှင့် တရုတ်တို့ ကုန်သွယ်ရေးတင်းမာမှု လျှော့ချရန် "ကနဦးသဘောတူညီမှု" ရရှိ | ဦးကောင်းဆက် (UMO) | ၁၁ |
| တရုတ်- အမေရိကန် ကုန်သွယ်ရေး ပဋိပက္ခကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် လာမည့်နှစ်တွင် နှေးကွေးလာမည်ဟု OECD ခန့်မှန်း | ဦးနိုင်မင်းထွန်း (FERD) | ၁၄ |

# သတင်းများ

## ရင်းနှီးမြှုပ်နှံမှုကဏ္ဍ


| | | |
|---|---|---|
| နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ ယနေ့ကမ္ဘာ့စီးပွားရေးအပေါ် ယုံကြည်မှု | ဒေါ်အေးအေး (DICA) | ၁၅ |
| ဖွံ့ဖြိုးနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထူးစီးပွားရေးဇုန်များ၏ ရင်းနှီးမြှုပ်နှံမှု အကျိုးသက်ရောက်မှုနှင့် ရလဒ်များ | ဒေါ်ရင်ရင်မာ (DICA) | ၁၉ |
| စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် | ဒေါ်စန္ဒာမြင့် (DICA) | ၂၄ |


## နည်းပညာကဏ္ဍ


| | | |
|---|---|---|
| AI နည်းပညာ၏ သတိပြုစရာ အန္တရာယ်များ | ဖြိုးပြည့်စိုး (FERD) | ၃၁ |

## စီးပွားရေးတိုးတက်မှု၏ အဓိက အထောက်အပံ့ဖြစ်သော ခရီးသွား လုပ်ငန်းအား ဟောင်ကောင်နှင့် စင်ကာပူ အပြိုင်ကြိုးပမ်း

အာရှဒေသ၏ ဘဏ္ဍာရေးအချက်အချာများဖြစ်သော ဟောင်ကောင်ဒေသနှင့် စင်ကာပူနိုင်ငံတို့သည် ပြည်ပ ခရီးသွားများ ဆွဲဆောင်နိုင်ရေးအတွက် ပြိုင်ဆိုင်မှု ပြင်းထန်လျက်ရှိပါသည်။ ဟောင်ကောင်ဒေသအနေဖြင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် တရုတ်ပြည်မနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ တိုးမြှင့် လုပ်ဆောင်သကဲ့သို့ စင်ကာပူနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့အဆင့် အခမ်းအနားကြီးများနှင့် အလည်အပတ် လာရောက်သူများအတွက် ကောင်းမွန်သည့် အတွေ့အကြုံများ ရရှိနိုင်ရေး အာရုံစိုက်ဆောင်ရွက် လျက်ရှိပါသည်။

စင်ကာပူနိုင်ငံရော ဟောင်ကောင် ဒေသပါ ခရီးသွားများ ဆွဲဆောင်နိုင်ရေးအတွက် ခရီးသွားလုပ်ငန်း ရေရှည်မဟာ ဗျူဟာများ ချမှတ်ထားရှိရာ ဟောင်ကောင်ဒေသအနေဖြင့် Blueprint for Tourism Industry 2.0 နှင့် စင်ကာပူမှ Tourism 2040 Plan တို့ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ မဟာဗျူဟာများဖြင့် အစည်းအဝေးများ၊ ဆွဲဆောင်မှုမက်လုံးများ၊ ညီလာခံများ၊ ပြပွဲများ (MICE) ခရီးသွားလုပ်ငန်း၊ ကမ္ဘာ့အဆင့် အခမ်းအနားကြီးများနှင့် ပေါင်းစပ်ဆက်နွယ်မှုများ မြှင့်တင်ခြင်းတို့ဖြင့် ငွေကြေးသုံးစွဲနိုင်ပြီး ကာလရှည် လာရောက်မည့် ခရီးသွားများကို ပစ်မှတ်ထား ဆောင်ရွက်လျက်ရှိပါသည်။



၂၀၂၄ ခုနှစ်တွင် စင်ကာပူဒေါ်လာ ၂၉.၈ ဘီလီယံ (MICE မှ ရရှိသည့် ဝင်ငွေပါဝင်မှု ၄ ရာခိုင်နှုန်း) ရှိခဲ့သော ခရီးသွားလုပ်ငန်းမှ ရရှိသည့် ဝင်ငွေကို လာမည့် ၂၀၄၀ တွင် စင်ကာပူဒေါ်လာ ၄၇-၅၀ ဘီလီယံ (MICE မှ ရရှိသည့် ဝင်ငွေပါဝင်မှု ၁၀ ရာခိုင်နှုန်း) အထိ တိုးမြှင့်နိုင်ရန် စင်ကာပူနိုင်ငံမှ ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ဆောင်ရွက်ချက်တွင် MICE အချက်အချာ တစ်ခုဖြစ်လာရေး ပါဝင်ပါသည်။ စင်ကာပူနိုင်ငံ ခရီးသွားလုပ်ငန်းမှာ ၂၀၂၄ ခုနှစ်အတွင်း သိသိသာသာ တိုးတက်ခဲ့ပြီး ပြည်ပခရီးသွားဦးရေ ၁၆.၅ သန်း လာရောက်ခဲ့ပါသည်။

စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူဖြစ်သည့် အဓိကလုပ်ငန်းကဏ္ဍတစ်ခုဖြစ်သော ဟောင်ကောင်ဒေသ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု



အတွက် အခမ်းအနားကြီးများ ကျင်းပသည့် စီးပွားရေးကို ဦးစားပေး လုပ်ဆောင်လျက်ရှိကာ ၂၀၂၄ ခုနှစ်အတွင်း အခမ်းအနားကြီး ၂၀၀ ကျော် လက်ခံကျင်းပခဲ့ပါသည်။ ထိုသို့ အခမ်းအနားကြီးများ လက်ခံကျင်းပခြင်းဖြင့် ခရီးသွား ၂ သန်းခန့်လာ ရောက်ပြီး ဟောင်ကောင်ဒေါ်လာ ၇.၅ဘီလီယံ သုံးစွဲသွားရန်မျှော်မှန်းထားခဲ့ပါသည်။

ထို့ပြင် ၂၀၂၅ အစောပိုင်း၌ အခမ်းအနား/ ပွဲ ၉၃ ခု ပြုလုပ်ကျင်းပခဲ့ပြီး ပါဝင်တက်ရောက်သူ ၈၄၀,၀၀၀ ဦး လာရောက်ရန် မျှော်မှန်းထားပြီး သုံးစွဲမှုအနေဖြင့် ဟောင်ကောင်ဒေါ်လာ ၃.၃ ဘီလီယံ ရှိရန် မျှော်မှန်းထားပါသည်။ စင်ကာပူနိုင်ငံ၏ Kranji မြင်းပြိုင်ကွင်း ပိတ်သိမ်းပြီး နောက်ပိုင်း ဟောင်ကောင်ဒေသ၏ မြင်းပြိုင်ပွဲ ခရီးသွားလုပ်ငန်းမှာလည်း ပိုမို အကျိုးဖြစ်ထွန်း လာခဲ့ပါသည်။

ဆိပ်ကမ်းမြို့များဖြစ်သည်နှင့်အညီ သင်္ဘောဖြင့် ခရီးသွားလုပ်ငန်း (cruise and yacht tourism) မြှင့်တင်ရေးအတွက် ဟောင်ကောင်ရော စင်ကာပူပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် လေကြောင်းသွားလာမှု တိုးချဲ့ရေးမှာလည်း စီးပွားရေး တိုးတက်မှုအတွက် အဓိကအထောက်အပံ့ ဖြစ်စေသောကြောင့် ဟောင်ကောင်ဒေသ၏ လေကြောင်းသွားလာမှုမြှင့်တင်ရေး အထောက်အကူဖြစ်စေရန် တိုးချဲ့တည်ဆောက်ထားသည့် ပြေးလမ်းသုံးလမ်းသွား စနစ်တစ်ခုကို ၂၀၃၅ ခုနှစ်မှစ၍ ခရီးသွားဦးရေ သန်း ၁၂၀ အသုံးပြုသွားနိုင်စေရေးအတွက် လုပ်ဆောင်လျက်ရှိသကဲ့သို့ စင်ကာပူနိုင်ငံ၏ ချန်ဂီလေဆိပ်မှာလည်း ကမ္ဘာ့အကောင်းဆုံး လေဆိပ်တစ်ခုအဖြစ် ရပ်တည်နေပြီး ခရီးသွား သန်း ၁၄၀ အထိ တိုးမြှင့်သွားလာနိုင်ရန်အတွက် ၂၀၃၀ ပြည့်လွန် အလယ်ပိုင်းနှစ်များတွင် လေဆိပ် Terminal ၅ ကို ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

ဒေါ်နှင်းဇာလွှာ
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲ

## နိုင်ငံ၏ စီးပွားရေးမြှင့်တင်ရန် တောင်ကိုရီးယားသမ္မတသစ် လီဂျေးမြောင် ကတိပြု

တောင်ကိုရီးယားသမ္မတသစ်ဖြစ်သူ လီဂျေးမြောင်သည် ဇွန်လ ၄ ရက်နေ့တွင် နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများ တိုးချဲ့ရေးတို့အတွက် ပြန်လည် ကြိုးကြပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံနှင့် ညှိနှိုင်းရေး ပြန်လည်ဆောင်ရွက်ရန်လည်း ကတိပြုခဲ့ပါသည်။ အမေရိကန် ပြည်ထောင်စုနှင့် ခိုင်မာသော လုံခြုံရေး မဟာမိတ် ဆက်ဆံရေးကို ဆက်လက် ထိန်းသိမ်းထားပြီး သံတမန်ဆက်ဆံရေး ဟန်ချက်ညီစေရန် ဆောင်ရွက်သွားမည်ဟု ဆိုပါသည်။



သမ္မတလီကို အမျိုးသားရွေးကောက်ပွဲ ကော်မရှင်က သမ္မတအဖြစ် အတည်ပြုခဲ့ပြီးနောက် သမ္မတရာထူးနှင့် ကာကွယ်ရေးဦးစီးချုပ်ရာထူးတို့ကို ဆက်ခံခဲ့ပါသည်။ သမ္မတလီသည် ၎င်း၏ ရာထူးဆက်ခံသည့် ပထမနေ့တွင် ဝင်ငွေ အလယ်အလတ်နှင့် ဝင်ငွေနည်းပါးသည့် အိမ်ထောင်စုများနှင့် အသေးစားစီးပွားရေးလုပ်ငန်းရှင်များ ရင်ဆိုင်နေရသည့် စီးပွားရေးစိန်ခေါ်မှုများကို ဖြေရှင်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သမ္မတလီအနေဖြင့် ကိုရီးယားနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့အကြား ကုန်သွယ်မှု မညီမျှမှုကြောင့် အမေရိကန်က ဆောင်ရွက်ခဲ့သည့် အကောက်ခွန်အစီအစဉ်နှင့် စပ်လျဉ်းသည့် ညှိနှိုင်းမှုကိုလည်း ဖြေရှင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ဇွန်လ ၄ ရက်နေ့ နံနက်ပိုင်းမှစတင်၍ တောင်ကိုရီးယားနိုင်ငံ၏ စတော့များမှာ ဈေးနှုန်းမြင့်တက်ခဲ့ပြီး ၁၀ လတာ ကာလအတွင်း အမြင့်ဆုံး ရာခိုင်နှုန်းဖြစ်သည့် ၂ ရာခိုင်နှုန်းကျော်ထက် ပိုမို မြင့်တက်ခဲ့ပါသည်။ သမ္မတလီ ကတိပြုခဲ့သည့် အစိမ်းရောင် စွမ်းအင်ကူးပြောင်းရေး အစီအစဉ်ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၏ စတော့ဈေးနှုန်းများလည်း မြင့်တက်ခဲ့ပါသည်။

သမ္မတလီအား ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ပွင့်လင်းမျှတမှုရှိကြောင်းနှင့် ကမ္ဘာ့နိုင်ငံတစ်ဝန်းရှိ ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံများအပေါ် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုကို ကန့်ကွက်ကြောင်း အမေရိကန် အိမ်ဖြူတော်က ပြောကြားခဲ့ပါသည်။

သမ္မတလီသည် တရုတ်နိုင်ငံ၊ မြောက်ကိုရီးယားနိုင်ငံတို့နှင့် ဆက်ဆံရေးကို ပိုမိုဖော်ဆောင်သည့် အစီအစဉ်များ ဆောင်ရွက်သွားရန်နှင့် အဓိကကုန်သွယ်ဖက် နိုင်ငံတစ်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အရေးပါမှုကိုလည်း ထုတ်ဖော်ပြောကြား ခဲ့ပါသည်။ ထို့ပြင် ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးကိုလည်း ဆက်လက် ထိန်းသိမ်း သွားမည်ဖြစ်ပြီး အမေရိကန်သည် တောင်ကိုရီးယားနိုင်ငံ၏ ကမ္ဘာ့သံတမန်ရေးရာ အဓိကကျောရိုး မဟာမိတ်ဖြစ်ကြောင်းလည်း ၎င်းက ဆိုပါသည်။

Source: South Korea’s new President Lee Jae-myung vows to revive economy | The Straits Times

ဒေါ်ဟေမာန်ခိုင်ဝင်း
ဒုတိယညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ

---

**ကမ္ဘာ့နိုင်ငံရေး တင်းမာမှုများ၊ စီးပွားရေးဆိုင်ရာ အပြောင်းအလဲများနှင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၏ အကျိုးဆက်များ ဆွေးနွေး**

ဆွစ်ဇာလန်နိုင်ငံ၊ ဆွစ်ဇာလန် စီးပွားရေးဖိုရမ်သည် ကဏ္ဍအသီးသီးမှ ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များမှ စီးပွားရေးနှင့် ပထဝီနိုင်ငံရေး ဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန် တွေ့ဆုံဆွေးနွေးသည့် စီးပွားရေးဆိုင်ရာ ဖိုရမ်တစ်ခုဖြစ်ပါသည်။ ဤဖိုရမ်သည် အနာဂတ်အတွက် မဟာဗျူဟာများနှင့် ဖြေရှင်းချက်များကို ဖော်ထုတ်ရန်အားဦးတည်၍ အတွေးအခေါ်များ၊ အကြံဉာဏ်များ ဖလှယ်နိုင်သော ပလက်ဖောင်းတစ်ခု ဖြစ်ပါသည်။ အဆိုပါ ဖိုရမ်ကို ၁၉၉၉ခုနှစ် မှစ၍ ဆွစ်ဇာလန်နိုင်ငံ Interlaken တွင် နှစ်စဉ်ကျင်းပလျက်ရှိပါသည်။ ယခုအခါ ၂၇ ကြိမ်မြောက် ဆွစ်ဇာလန်စီးပွားရေးဖိုရမ်ကို ၅.၆.၂၀၂၅ ရက်နေ့နှင့် ၆.၆.၂၀၂၅ ရက်နေ့တို့တွင်ကျင်းပခဲ့ပြီး ပြောင်းလဲနေသောခေတ်၏ အဓိကစိန်ခေါ်မှုများ ဖြစ်သည့် ကမ္ဘာ့နိုင်ငံရေး တင်းမာမှုများ၊ စီးပွားရေး ဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲ




များနှင့် ဒီဂျစ်တယ် အသွင်ကူးပြောင်းရေး၏ နောက်ဆက်တွဲ အကျိုးဆက်များကို 'Earn it' ဆောင်ပုဒ်ဖြင့် နှစ်ရက်တာအတွင်း စီးပွားရေး၊ နိုင်ငံရေးနှင့် သိပ္ပံပညာရပ် ဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်သူ ၁,၇၀၀ ခန့် ပါဝင်ဆွေးနွေးခဲ့ကြပါသည်။ ဆွစ်ဇာလန်သမ္မတ Karin Keller-Suter၊

နိုဘယ်ဆုရှင် စီးပွားရေး ပညာရှင် Joseph Stiglitz၊ အမေရိကန်ဘဏ္ဍာရေးသမား Anthony Scaramucci နှင့် ABB၊ Logitech၊ Fielmann အပါအဝင် ကုမ္ပဏီကြီးများ နှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများမှ CEO များစွာ ပါဝင်ဟောပြော ခဲ့ကြပါသည်။

UBS စီးပွားရေးပညာရှင်များသည် ဆွစ်ဇာလန်နိုင်ငံ၏ စီးပွားရေးသည် ယခင်ထက် ပိုမိုတိုးတက်လာပြီး ၂၀၂၅ ခုနှစ်တွင် အားကစားပွဲများမှ ရရှိသော အကျိုးသက်ရောက်မှုများကို ထည့်သွင်းတွက်ချက်ပါက GDP အရှိန်နှုန်း ၁.၃% အထိ တိုးတက်မည်ဟု ခန့်မှန်းထားခဲ့ကြပါသည်။ OECD အဖွဲ့ကလည်း ၂၀၂၅ ခုနှစ် တွင် ဆွစ်ဇာလန်နိုင်ငံ၏ GDP သည် ၁.၁% တိုးတက်မည်ဟု ကြိုတင်ခန့်မှန်းထား ပြီး ထိုတိုးတက်မှုသည် ပြည်တွင်းဝယ်လိုအားကြောင့် ဖြစ်မည်ဟု ဆွေးနွေးခဲ့ပါ သည်။ စီးပွားရေးနိုင်ငံရေးနှင့် သိပ္ပံနှင့် နည်းပညာနယ်ပယ်များမှ ခေါင်းဆောင်များ သည် စီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် အလားအလာရှိသော နည်းဗျူဟာများကို ဆွေးနွေးခဲ့ကြပါသည်။

Sulzer ကုမ္ပဏီ၏ ဥက္ကဋ္ဌ၊ Suzanne Thoma မှလည်း ပို့ကုန်ကဏ္ဍကို ဦးစားပေးကူညီပံ့ပိုးသည့် စီးပွားရေးအရှိန်မြှင့်တင်ရေးစိတ်ဓာတ်ကို ပိုမိုအားကောင်း လာရန် တိုက်တွန်းခဲ့သည်။ ကိုလံဘီယာ တက္ကသိုလ်ပါမောက္ခ၊ စီးပွားရေး နိုဘယ် ဆုရှင် Joseph E. Stiglitz သည် ကမ္ဘာ့စီးပွားရေး ယှဉ်ပြိုင်မှုများတွင် တရုတ်နိုင်ငံ ၏ စီးပွားရေးသည် ရေတိုကာလအတွက် ပိုမိုအားသာချက်ရှိသော်လည်း အိန္ဒိယ နိုင်ငံ၏ လူဦးရေတိုးတက်မှုနှင့် အခြေခံဖွဲ့စည်းပုံသည် အားနည်းချက်များ ဆက်လက်တည်ရှိနေသည်ဟု သုံးသပ်ခဲ့ပါသည်။ ဆွစ်ဇာလန်နိုင်ငံအတွက် ကုမ္ပဏီ များသည် ကုန်သွယ်ရေးအဟန့်အတားများကို ကျော်လွှားနိုင်သရွေ့ အမေရိကန် နိုင်ငံ၏ စီးပွားရေးဈေးကွက်သည် ဆွဲဆောင်မှုရှိနေဆဲဖြစ်ပါကြောင်း ပြောကြားခဲ့ ပါသည်။ ခေတ်မီတိုးတက်လာသည်နှင့်အမျှ ဆိုက်ဘာနယ်ပယ်တွင် ခြိမ်းခြောက်မှု များ မြင့်တက်လာပါသည်။ ထို့ပြင် ပါမောက္ခ ဒေါက်တာ Thierry Carrel၊ Urs Lehner နှင့် Urs Ryffel တို့သည် ဒီဂျစ်တယ် စီးပွားရေးလုပ်ငန်းများတွင် ကုမ္ပဏီ များနှင့် ဖောက်သည်များအကြား အပြန်အလှန် ယုံကြည်မှုများ တဖြည်းဖြည်း လျော့နည်းလာပြီး ယုံကြည်မှုမရှိပါက ဒီဂျစ်တယ်ငွေကြေး လွှဲပြောင်းမှုများ မဖြစ်နိုင်သလို စီးပွားရေးအောင်မြင်မှုလည်း ရရှိနိုင်မည်မဟုတ်ပါကြောင်း ဆွေးနွေး ခဲ့ကြပါသည်။ ဤဆွေးနွေးပွဲတွင် ကုမ္ပဏီများအနေဖြင့် မိမိတို့ဖောက်သည်များ၏ ယုံကြည်မှုကိုမည်သို့ထိန်းသိမ်းနိုင်မည်၊ ဒီဂျစ်တယ်ဆန်းသစ်တီထွင်မှုများမှတစ်ဆင့်

အနာဂတ်သို့ မည်သို့အောင်မြင်စွာ ဦးတည်နိုင်မည်ကို ဆွေးနွေးပြောကြားခဲ့ကြပါသည်။

ဒုတိယမြောက်နေ့တွင် ဆွစ်ဇာလန် စီးပွားရေးဆု (Swiss Economic Award) ကိုကဏ္ဍသုံးရပ်ဖြစ်သည့် Deep Tech / Life Sciences ကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် စွမ်းအင် / စက်မှုကဏ္ဍတို့တွင် အကောင်းဆုံး နည်းပညာ ဖန်တီးနိုင်သောကုမ္ပဏီများအား ဆုချီးမြှင့်ခဲ့ပါသည်။ ဤဆုသည် ဆွစ်ဇာလန်နိုင်ငံရှိ လူငယ်စီးပွားရေး လုပ်ငန်းရှင်များအတွက် အရေးအပါ ဆုံးဆု ဖြစ်ပြီး ကဏ္ဍသုံးခု အတွင်းအအောင်မြင်ဆုံး လုပ်ငန်းသစ် သုံးခုကို ဆုချီးမြှင့်ခြင်း ဖြစ်ပါသည်။ နှစ်စဉ် PET နှင့် polyester အမှိုက်များကို တန်ချိန်သန်းချီ၍ မြေဖို့သည့် နေရာများတွင် စွန့်ပစ်ခြင်းသို့မဟုတ် မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်လျက် ရှိပါသည်။ DePoly ကုမ္ပဏီသည် ရေနံထွက် ပစ္စည်းများ အသုံးမပြုဘဲ PET နှင့် polyester အမှိုက်များကို မူလအရည်အသွေးရှိ ကုန်ကြမ်းပစ္စည်းများအဖြစ် ပြန်လည်ပြောင်းလဲနိုင်သည့် သီးသန့်နည်းပညာတစ်ခုကို အောင်မြင်စွာ ဖန်တီးနိုင်ခဲ့ပါသည်။

DePoly ကုမ္ပဏီသည်ကမ္ဘာ့ထိပ်တန်း ကုမ္ပဏီကြီးများနှင့် ပူးပေါင်း ဆောင်ရွက်၍ PET အမှိုက်များအား ရေပုလင်းများ၊ အရည်အသွေး မြင့်ချည်မျှင်များနှင့် အလှကုန်ပစ္စည်း ထုပ်ပိုးမှုများအဖြစ်ပြောင်းလဲခြင်းဖြင့်ဒြပ်စင်များ၏ အရည်အသွေးကို ကောင်းမွန်စွာ ပြန်လည် အသုံးပြုနိုင်သော နည်းပညာအား ဖန်တီးနိုင်ခဲ့ပါသဖြင့် Deep Tech / Life Sciences ကဏ္ဍတွင် အကောင်းဆုံးနည်းပညာကုမ္ပဏီအဖြစ် ဆုချီးမြှင့်ခြင်း ခံရပါသည်။

Kyan Health ကုမ္ပဏီသည် ပထမဆုံး AI-အခြေပြု လုပ်ငန်းသုံး ကျန်းမာရေး စီမံခန့်ခွဲမှု ပလက်ဖောင်းအဖြစ် ဝန်ထမ်းများ၏ကျန်းမာရေး အန္တရာယ်များကို အချိန်မီသိရှိနိုင်ပြီး HR စနစ်များနှင့်ပေါင်းစပ်ကာ ထိရောက်သော ကာကွယ်ရေးနည်းလမ်းများ အကောင်အထည် ဖော်နိုင်ခဲ့ပါသဖြင့် ဝန်ဆောင်မှုကဏ္ဍတွင် အကောင်းဆုံးနည်းပညာကုမ္ပဏီအဖြစ် ဆုချီးမြှင့်ခြင်း ခံရပါသည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှစတင်ဆောင်ရွက်ခဲ့သည့်Series A အဆင့် ရင်းနှီးမြှုပ်နှံမှုသည် ကုမ္ပဏီ၏ နိုင်ငံတကာဈေးကွက် ချဲ့ထွင်ရေးလုပ်ငန်းစဉ်များကို အရှိန် မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

Lumvin ကုမ္ပဏီသည် မူလမီးအလင်းစနစ်များကို ပြောင်းလဲဖယ်ရှားခြင်းမပြုဘဲမိမိတို့၏LEDနည်းပညာဖြင့် စွမ်းအင်ထိရောက်မှုနည်းသော အလင်းရောင်စနစ်များ ခေတ်မီဆန်းသစ် အောင် ပြုပြင်မွမ်းမံ ဖန်တီးနိုင်ခဲ့ပါသည်။ ဤနည်းလမ်း

သည် လျှပ်စစ်စွမ်းအင်ကို အများဆုံး ၈၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ပြီး၊ စရိတ်များကိုလည်း လျှော့ချပေးနိုင်သည့်အပြင် ကာဗွန်ဒိုင် အောက်ဆိုက် ထုတ်လွှတ်မှုကိုလည်း အလွန်အမင်း လျှော့နည်းစေနိုင်ပါသည်။ Lumvin ကုမ္ပဏီသည် ဉာဏ်ရည်တိုးတက်သောထိန်းချုပ်မှု စနစ်များကြောင့် မီးအလင်း စနစ်များကို အဝေးမှ ကြည့်ရှုထိန်းချုပ်နိုင်ခြင်းနှင့် ကြိုတင်စီစဉ်၍ ပြုပြင်ထိန်းသိမ်းနိုင်ခြင်းများကို ထိရောက်စွာစီမံခန့်ခွဲနိုင်သောကြောင့် ထုတ်လုပ်မှု/ စက်မှုကဏ္ဍတွင် အကောင်းဆုံး နည်းပညာကုမ္ပဏီအဖြစ် ဆုချီးမြှင့်ခြင်း ခံရပါသည်။

Source: https://www.startupticker.ch/en/news/depoly-kyan-health-and-lumvin-crowned-at-swiss-economic-award

ဦးရန်အောင်
ဒုတိယဦးစီးမှူး
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲ

---

**တားမြစ်ထားသော အခွန်စည်းကြပ်မှု၏ အကျိုးသက်ရောက်မှုကြောင့်**
**မေလအတွင်း တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုအခြေအနေသည်**
**၂၀၂၂ ခုနှစ်ကာလနောက်ပိုင်း အဆိုးရွားဆုံးကျဆင်းလာခြင်း**

တရုတ်နိုင်ငံ၏ ၂၀၂၅ ခုနှစ်၊ မေလတွင် ကုန်ထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ နောက်ပိုင်းထက် အလျင်မြန်ဆုံး ကျဆင်းသွားကြောင်း ပုဂ္ဂလိက စစ်တမ်းတစ်ခုက ဖော်ပြခဲ့သည်။ အမေရိကန်နိုင်ငံ၏ တားမြစ်ထားသော အခွန်စည်းကြပ်မှု၏ အကျိုးသက်ရောက်မှုကြောင့် တရုတ်နိုင်ငံအနေဖြင့် ပို့ကုန်အမှာစာအသစ်များ သိသိသာသာ ကျဆင်းလာခြင်းဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်သည်။

Caixin/ S&P Global ကုန်ထုတ်လုပ်မှု ဝယ်လိုအားသည် အညွှန်းကိန်း ၄၈.၃ တွင်ရောက်ရှိလာပြီး Reuters ၏ ပျမ်းမျှခန့်မှန်းချက် ၅၀.၆ ထက်လျော့နည်းလျက် ဧပြီလတွင် ၅၀.၄ မှ သိသိသာသာ ကျဆင်းသွားသည်။ တိုးတက်မှုနှုန်းသည် ယခင်နှစ် စက်တင်ဘာလနောက်ပိုင်းမှစ၍ ပထမဆုံး အကြိမ်အဖြစ် ၅၀ အောက်ကျဆင်းခဲ့ခြင်းဖြစ်သည်။

ပို့ကုန်အမှာစာအသစ်များ တိုင်းတာမှုသည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လနောက်ပိုင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားသဖြင့် ၂၀၂၅ ခုနှစ်၊ မေလတွင် နိုင်ငံခြားဝယ်လိုအား ကျဆင်းလာသည်ဟု Caixin က ပြောကြားခဲ့သည်။ စုစုပေါင်း



ဝယ်လိုအား၏ ညွှန်ပြချက်တစ်ခုဖြစ်သည့် စုစုပေါင်းအမှာစာ အသစ်များမှာ ရှစ်လအတွင်း ပထမဆုံးအကြိမ် ကျဆင်းသွားခဲ့သည်။ အလုပ်အကိုင်စျေးကွက်အနေအထားမှာ ဆိုးရွားဆဲဖြစ်ပြီး အလုပ်အကိုင်များမှာ နှစ်လဆက်တိုက် လျော့နည်းလာခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီနောက်ပိုင်းတွင် အလုပ်အကိုင်များသည် အမြန်ဆုံးနှုန်းဖြင့် ကျဆင်းသွားခဲ့ပြီး အလုပ်အကိုင်စျေးကွက်မှာလည်း ဆိုးရွားနေဆဲ ဖြစ်ကြောင်း စစ်တမ်းအရသိရပါသည်။

အရောင်းကျဆင်းမှုနှင့် တင်ပို့မှုနှောင့်နှေးမှုများကြောင့် လွန်ခဲ့သောလေးလအတွင်း စက်ရုံများ၏ ကုန်ချောလက်ကျန်သည် ပထမဆုံးအကြိမ်အဖြစ် တိုးမြှင့်လာသည်။ **"ပြည်ပ ကုန်သွယ်မှု ဝန်းကျင်တွင် မသေချာမရေရာမှုများ တိုးမြှင့်လာသည့်အပြင် ပြည်တွင်း စီးပွားရေး အခက်အခဲများထပ်တိုးလာသည်"** ဟု Caixin Insight Group မှ အကြီးတန်း စီးပွားရေးပညာရှင် Wang Zhe က ဖော်ပြခဲ့ပါသည်။ ထို့အပြင် ဒုတိယသုံးလပတ် အစောပိုင်းတွင် မေခရိုစီးပွားရေး အဓိကညွှန်ကိန်းများ လျော့နည်းလာမှုကို တုန့်ပြန်ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ ထုတ်လုပ်မှုအနေဖြင့် ကဏ္ဍအတွင်းတည်ငြိမ်မှုကို ထင်ဟပ်စေရန် ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း ၄၉ မှ ၄၉.၅ သို့ အနည်းငယ် တိုးတက်မှုကို ပြသခဲ့သော်လည်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် မေလ ဒုတိယအပတ်တွင် ကျဆင်းသွားကြောင်း မေလ နောက်ဆုံးပတ် စနေနေ့က ထုတ်လုပ်မှုဏကဏ္ဍကို တိုင်းတာသောညွှန်ကိန်းတစ်ခုဖြစ်သည့် (Purchasing Managers' Index - PMI) ကို လိုက်နာသော ပုဂ္ဂလိကစစ်တမ်းတစ်ခုတွင် ထုတ်ပြန်ခဲ့ပါသည်။

တရားဝင်ထုတ်ပြန်မှုနှင့် Caixin PMI တို့အကြားကွဲလွဲမှုသည် စစ်တမ်း၏ အချိန်ကွာခြားချက်ကြောင့် တစ်စိတ်တစ်ပိုင်း ဖြစ်နိုင်သည်ဟု Goldman Sachs မှ စီးပွားရေးပညာရှင်များက ပြောကြားခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မေလလယ်တွင် အကောက်ခွန်တိုးမြှင့်ခြင်း၏ အကျိုးသက်ရောက်မှုကို စစ်တမ်း ကောက်ယူချိန်တွင် Caixin PMI ဖြေဆိုသူများသည် မခံစားခဲ့ရကြောင်း မှတ်ချက် ပြုခဲ့ပါသည်။

Caixin စစ်တမ်းကို ပုံမှန်အားဖြင့် လတစ်လအလယ်တွင် ကောက်ခံပြီး ထိုသို့ စစ်တမ်းကောက်ခံသည့် အချိန်သည် လကုန်ဆုံးတိုင်း ကောက်ခံလေ့ရှိသည့် အမျိုးသားစနစ်သတင်း အချက်အလက်ဌာန (NBS) စစ်တမ်း စုစည်းမှုထက် စောပါသည်။ ပုဂ္ဂလိက Caixin စစ်တမ်းသည် ၅၀၀ ကျော်ရှိသည့် တင်ပို့လုပ်ငန်းများ

အခြေခံသော ကုမ္ပဏီများ၏ နမူနာကိုသာ ကောက်ယူပြီး၊ တရားဝင် PMI သည် ကုမ္ပဏီ ၃,၀၀၀ ကို စမ်းသပ်ကောက်ယူထားပါသဖြင့် ကုန်ထုတ်လုပ်မှု ကဏ္ဍနှင့် ပိုမိုကိုက်ညီမှုရှိကြောင်း Goldman Sachs က ဖော်ပြခဲ့ပါသည်။

ဝန်ဆောင်မှုနှင့် ဆောက်လုပ်ရေးကဏ္ဍဖြစ်သည့် ထုတ်လုပ်မှုမဟုတ်သော PMI သည် ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း ၅၀.၄ မှ မေလအတွင်း ၅၀.၃ သို့ ကျဆင်းခဲ့သည်။ သို့သော် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ၅၀ အထက်တွင်သာ တည်ရှိနေသည်ဟု LSEG ဒေတာအရ ဖော်ပြပါရှိပါသည်။ ၂၀၂၅ ခုနှစ်၊ မေလအတွက် Caixin PMI ဝန်ဆောင်မှုသည် ဇွန်လပထမပတ် ကြာသပတေးနေ့တွင်ထုတ်ပြန်မည်ဖြစ်ပါသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ်သည် တရုတ်မှတင်သွင်းသောပစ္စည်းများအပေါ် ၁၄၅ ရာခိုင်နှုန်း အခွန်စည်းမျဉ်းကို ဆိုင်းငံ့ထားခဲ့သည်။ ထိုအကျိုးသက်ရောက်မှု အများစုသည် ဧပြီလအတွင်း အကျုံးဝင်စေခဲ့ပြီး ရက်ပေါင်း ၉၀ ကြာ တည်ရှိမည် ဖြစ်သည်။ ထိုဆုံးဖြတ်ချက်သည် ယခင်လတွင် ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပခဲ့သော အမေရိကန်နှင့် တရုတ်ထိပ်တန်း ကူးသန်းရောင်းဝယ်ရေး ကိုယ်စားလှယ်များ ဆွေးနွေးပွဲ၏ ရလဒ်တစ်ခုဖြစ်သည်။

တရုတ်နိုင်ငံမှ တင်သွင်းလာသော ပစ္စည်းများအပေါ် အမေရိကန်နိုင်ငံ၏ အခွန်စည်းကြပ်မှုသည် ၅၁.၁ ရာခိုင်နှုန်းသို့ ကျဆင်းလာပြီး၊ တရုတ်နိုင်ငံမှလည်း အမေရိကန်နိုင်ငံမှ တင်သွင်းသော ပစ္စည်းများအပေါ် အခွန်စည်းကြပ်မှုသည် ၃၂.၆ ရာခိုင်နှုန်းရှိကြောင်း Peterson Institute for International Economics အကြံပေးအဖွဲ့၏ ပြောကြားချက်အရ သိရှိရပါသည်။

တရုတ်နိုင်ငံ၏ စက်မှုထုတ်ကုန် ထုတ်လုပ်သော ကုန်ပစ္စည်းတန်ဖိုး ထုတ်လုပ်မှုမှာ နှိုင်းယှဉ်ချက်အရ ၂၀၂၅ ခုနှစ်၊ ဧပြီလတွင် တစ်နှစ်ထက်တစ်နှစ် ၆.၁ ရာခိုင်နှုန်းဖြင့် တိုးတက်မှုနှုန်း ပိုမိုနှေးကွေးလာခဲ့ပြီး ၂၀၂၅ ခုနှစ်၊ မေလတွင် ၇.၇ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့ပါသည်။

ဧပြီလအတွင်း တင်ပို့မှုများသည် တစ်နှစ်စာနှိုင်းယှဉ်မှုအရ မျှော်လင့်ထားသည်ထက် ၈.၁ ရာခိုင်နှုန်း တိုးတက်လာသည်။ ထိုသို့ တိုးတက်လာခြင်းသည် တောင်အာရှနိုင်ငံများသို့ တင်ပို့မှုများ တိုးလာခဲ့ခြင်းကြောင့်ဖြစ်ပြီး အမေရိကန်သို့ ပစ္စည်းတင်ပို့ခြင်း လျော့နည်းမှုကို ဖြည့်တင်းနိုင်ခဲ့သည်။

အခွန်စည်းကြပ်မှုတိုးမြင့်ခြင်းနှင့် ဈေးနှုန်းကျဆင်းမှု ဖိအားများစွာ ရှိသော်လည်း တရုတ်နိုင်ငံစက်မှုလုပ်ငန်းများ၏ စီးပွားရေးအမြတ်အစွန်းသည် ဧပြီလတွင် ဆက်လက်တိုးတက်ခဲ့သည်။ ပေကျင်း၏ ရှိပြီးသားအထောက်အပံ့များသည် ငွေဖြစ်

လွှယ်မှုဖိအားများကို လျော့နည်းစေပြီး စက်မှုလုပ်ငန်းများ၏ ငွေကြေး စီးဆင်းမှုကို တိုးတက်စေခဲ့ပါသည်။

တရုတ်နိုင်ငံ အစိုးရသည် စားသုံးမှု တိုးမြှင့်ခြင်း၊ အခွန်ထိခိုက်မှုရှိသော လုပ်ငန်းများအား ထောက်ပံ့ခြင်းနှင့် အလုပ်အကိုင်ဖန်တီးရေး မြှင့်တင်ခြင်းတို့ကို ရည်ရွယ်၍ တရုတ်နိုင်ငံ၏ မူဝါဒချမှတ်သူများက မူဝါဒများ ထုတ်ပြန်ထားပါသည်။ ဘဏ်များတွင် မဖြစ်မနေထားရှိရမည့် ငွေသားပမာဏလျော့ချခြင်းနှင့် စီးပွားရေး အဆောက်အအုံအတွင်း ငွေဖြစ်လွယ်မှုကို တိုးတက်စေခြင်းဖြင့် မေလတွင် တရုတ်ပြည်သူ့ဘဏ် (PBOC) သည် မူဝါဒအတိုးနှုန်း ၀.၁၀ ရာခိုင်နှုန်း လျှော့ချခဲ့ပြီး၊ ဘဏ်များ မဖြစ်မနေ သိမ်းထားရမည့် ငွေပမာဏ (RRR) ကိုလည်း ၀.၅၀ ရာခိုင်နှုန်း အထိ လျှော့ချခဲ့ပါသည်။

အိမ်ခြံမြေဈေးကွက်ရေရှည်ကျဆင်းနေခြင်းနှင့်အလုပ်အကိုင်အခွင့်အလမ်း မတည်ငြိမ်မှုများကြောင့် ရင်းနှီးမြှုပ်နှံမှုနှင့် စားသုံးမှုပမာဏကို အဟန့် အတားဖြစ်စေပြီး တရုတ်နိုင်ငံ၏ ကုန်ဈေးနှုန်း တည်ငြိမ်မှုဖိအားအပေါ် မဆုတ်မနစ် ကြိုးပမ်းမှုကိုလည်း အတားအဆီးဖြစ်စေခဲ့ပါသည်။

Nomura မှ တရုတ်စီးပွားရေး ပညာရှင်အကြီးအကဲဖြစ်သူ Ting Lu က အင်္ဂါနေ့တွင် တရုတ်နိုင်ငံအစိုးရသည် အိမ်ခြံမြေ ဈေးကွက်အတွင်း ထပ်မံကျဆင်းမှုနှင့် ကုန်သွယ်ရေး စစ်ဖြစ်ခြင်းတို့ နှစ်ခုလုံးကို ရင်ဆိုင်ရမည်ဖြစ်ပြီး စီးပွားရေး နယ်ပယ်တွင် ပြဿနာများကို ဖြေရှင်းရန်နှင့် စားသုံးမှုကို ထောက်ပံ့နိုင်ရန်အတွက် စီးပွားရေးကျဆင်းမှုကိုထိန်းချုပ်တားဆီးရန်မျှော်လင့်ပါသည်ဟုပြောကြားခဲ့ပါသည်။

**“ယခင်က စီးပွားရေးတိုးတက်မှုကို ဦးဆောင်ခဲ့သော အိမ်ခြံမြေကဏ္ဍနှင့် တင်ပို့မှုကဏ္ဍများသည် ယခုအခါ ငွေကြေးဖောင်းပွမှုနှင့် ပို့ကုန်တင်ပို့မှု အားနည်းချက်များကြောင့် ပေကျင်းသည် စားသုံးမှုကို ထောက်ပံ့နိုင်ရန်၊ ပင်စင်စနစ် ပြုပြင်ပြောင်းလဲမှုများနှင့် မွေးကင်းစကလေးများအတွက် ထောက်ပံ့ကြေးပေးခြင်း ကဲ့သို့သော စီးပွားရေးတိုးတက်မှု ရေရှည်တည်တံ့သောနည်းလမ်းများကို ရွေးချယ်ရနိုင်ပါသည်”** ဟု ဆိုပါသည်။

လက်လီရောင်းချခြင်းသည် ဧပြီလတွင် တစ်နှစ်စာနှိုင်းယှဉ်မှုအရ ၅.၁ ရာခိုင်နှုန်းသာ တိုးတက်ခဲ့၍ လက်ကားဈေးနှုန်းများမှာ ဧပြီလအတွင်း ခန့်မှန်းချက်ထက် အဆိုးရွားဆုံး ကျဆင်း မှုရှိခဲ့ပါသည်။ ၂ နှစ်ကျော်ကြာမြင့်စွာ စီးပွားရေး ကျဆင်းမှု အခြေအနေတွင် ဆက်လက်ရှိနေပြီး အန္တရာယ်များ ရှိနေဆဲဖြစ်ပြီး စားသုံးသူဈေးနှုန်းများလည်း တတိယလအထိ ဆက်တိုက်ကျဆင်းနေပါသည်။

အိမ်ခြံမြေကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည်လည်း ပိုမိုကျဆင်းလာပြီး ဇန်နဝါရီလမှ ဧပြီလအထိ ကာလအတွင်း တစ်နှစ်စာနှိုင်းယှဉ်မှုအရ ၁၀.၃ ရာခိုင်နှုန်းဖြင့် ကျဆင်းခဲ့ပါကြောင်း သိရှိရပါသည်။

Source: china's may factoryactivity unexpectedly shrinks as tariffs dent sentiment — worst drop since 2022 proinvestnews.com
https://proinvestnews.com › chinas-may...

ဒေါ်ကေခိုင်ဦး
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

## အမေရိကန်နှင့် တရုတ်တို့ ကုန်သွယ်ရေးတင်းမာမှု လျှော့ချရန် "ကနဦးသဘောတူညီမှု" ရရှိ

စီးပွားရေးတင်းမာမှုများကြားမှ သတင်းကောင်းတစ်ရပ်အဖြစ် အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် ဂျီနီဗာတွင် ယခင်ညှိနှိုင်းခဲ့သော်လည်း ရပ်ဆိုင်းနေခဲ့သည့် ကုန်သွယ်ရေးသဘောတူညီချက်ကို ပြန်လည် အသက်သွင်းရန် ကနဦး သဘောတူညီမှု ရရှိခဲ့သည်။ ဤသဘောတူညီမှုသည် အချို့သော ကုန်စည်များအတွက် အကောက်ခွန် လျှော့ချမှု များနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်စတင်နိုင်ရန် လမ်းကြောင်း ဖွင့်ပေးနိုင်သော်လည်း အဓိကအခက်အခဲအခဲများမှာ ရှိနေဆဲဖြစ်သည်။



**ကနဦးသဘောတူညီမှုတွင် ဘာတွေပါဝင်သလဲ?**

အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ညှိနှိုင်းမှုများနှင့် ရင်းနှီးသော အရင်းအမြစ်များအရ ဤသဘောတူညီမှုတွင် အောက်ပါတို့ ပါဝင်နိုင်သည်ဟု သိရသည် -

- **အကောက်ခွန်လျှော့ချမှုများ** – စိုက်ပျိုးရေးနှင့် အီလက်ထရောနစ် ပစ္စည်းများကဲ့သို့သော ကဏ္ဍများအတွက် အကျိုးကျေးဇူးရှိစေမည်။
- **ဈေးကွက်ဝင်ရောက်မှု ပိုမိုကောင်းမွန်လာခြင်း** – အမေရိကန် ကုမ္ပဏီများ

အတွက် တရုတ်ဈေးကွက်တွင် အခွင့်အလမ်းများ ပိုမိုရရှိစေရန်။

- **ဆက်လက်ဆွေးနွေးရန် ကတိကဝတ်များ** – ပညာပိုင်းဆိုင်ရာ အခွင့်အရေးနှင့် နည်းပညာထိန်းချုပ်မှုများကဲ့သို့သော အငြင်းပွားဖွယ်ရာများအတွက် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန်။

ဤသဘောတူညီမှုသည် ယခင်နှစ်က ဂျီနီဗာတွင် ပြုလုပ်ခဲ့သော ဆွေးနွေးပွဲများအပေါ် အခြေခံထားသော်လည်း တရုတ်၏ အစိုးရမှ စက်မှုလုပ်ငန်းများအား ထောက်ပံ့ပေးမှုနှင့် သဘောတူညီချက်အား အကောင်အထည်ဖော်ရေး နည်းလမ်းများအပေါ် သဘောထား ကွဲလွဲမှုများကြောင့် ရပ်ဆိုင်းထားခဲ့ရသည်။

**အခုအချိန်မှာ ဘာကြောင့် သဘောတူညီမှုရယူကြတာလဲ?**

နှစ်နိုင်ငံစလုံးတွင် စီးပွားရေးဖိအားများ ရှိနေခြင်းကြောင့် ဤသဘောတူညီမှုကို အရှိန်မြှင့်ဆောင်ရွက်လာခြင်း ဖြစ်နိုင်သည် -

- **အမေရိကန်၏ ငွေကြေးဖောင်းပွမှု** – ဘိုင်ဒင်အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် အမေရိကန် စားသုံးသူများအတွက် ကုန်ကျစရိတ်လျှော့ချရန် ဖိအားများရှိနေပြီး တရုတ်နှင့်ဆက်စပ်သော အကောက်ခွန်များ လျှော့ချခြင်းက အထောက်အကူ ဖြစ်စေနိုင်ခြင်း၊
- **တရုတ်၏ စီးပွားရေးနှေးကွေးလာမှု** – ပြည်တွင်းဝယ်လိုအား အားနည်းနေသောကြောင့် တင်ပို့မှုအပေါ်မှီခိုနေရသည့် စက်မှုကဏ္ဍများအတွက် ကုန်သွယ်ရေး တည်ငြိမ်မှု လိုအပ်နေခြင်း၊
- **ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက် အန္တရာယ်များ** – နိုင်ငံရေးတင်းမာမှုများကြောင့် ကုန်သွယ် ရေးပြတ်တောက်မှုများ ဖြစ်ပေါ်နေသဖြင့် နှစ်နိုင်ငံအတွက် ပြန်လည်ဆွေးနွေးရန် အရေးတကြီးလိုအပ်နေခြင်း တို့ကြောင့် ဖြစ်နိုင်သည်။

**ဤသဘောတူမှုရရှိသော်လည်း နှစ်နိုင်ငံကြား ဆက်လက်ရင်ဆိုင်ရမည့် အခက်အခဲများ**

တိုးတက်မှုရှိသော်လည်း အဓိက အဟန့်အတားများမှာ -

- **နည်းပညာတင်ပို့မှု ကန့်သတ်ချက်များ** – အမေရိကန်သည် ဆီမီးကွန်ဒတ်တာနှင့် AI နည်းပညာများကို တရုတ်သို့ တင်ပို့မှုကို ကန့်သတ်ထားဆဲဖြစ်ပြီး ၎င်းမှာ အငြင်းပွား စရာတစ်ခုဖြစ်နေဆဲဖြစ်ခြင်း၊
- **လျှပ်စစ်ကားများအတွက် အစိုးရထောက်ပံ့မှုများနှင့် ထုတ်လုပ်မှုလွန်ကဲခြင်း** – အမေရိကန်က တရုတ်၏ အစိမ်းရောင်စွမ်းအင်နှင့် လျှပ်စစ်ကားလုပ်ငန်းများအတွက် အစိုးရထောက်ပံ့မှုများကို ဝေဖန်ဆဲဖြစ်ပြီး ထိုသို့ ထောက်ပံ့မှု

လွှန်ကဲခြင်းသည် ဈေးကွက်အတွင်း ယုံကြည်မှုကို အနှောင့်အယှက် သဖွယ် ဖြစ်ကြောင်း ထောက်ပြလျက်ရှိခြင်း၊

- **သဘောတူညီချက်အား လိုက်နာမှု စိုးရိမ်ချက်များ** – ယခင်သဘော တူညီချက်များသည် လိုက်နာမှုအားနည်းခဲ့သဖြင့် ဤသဘောတူညီချက်၏ ရေရှည်တည်တံ့မှုကို သံသယရှိနေကြခြင်းတို့ဖြစ်သည်။

**နှစ်နိုင်ငံဈေးကွက်နှင့် နိုင်ငံရေးအရတုံ့ပြန်မှုများ**

- **ငွေကြေးဈေးကွက်များ** – တရုတ်နှင့်ဆက်စပ်သော ကုန်သွယ်ရေးတည်ငြိမ်မှုကြောင့် အာရှနှင့် အမေရိကန်ဈေးကွက်များတွင် အနည်းငယ် မငြိမ်သက်မှုများရှိခဲ့သည်။
- **အမေရိကန်ဥပဒေပြုသူများ** – အချို့က ပိုမိုတင်းကျပ်သော သဘောတူညီချက်များ များလိုအပ်ကြောင်း ပြောဆိုနေစဉ်၊ အချို့မှာ ကုန်သွယ်ရေးတင်းမာမှု လျှော့ချရေးကို ကြိုဆိုနေသည်။

**တရုတ်နိုင်ငံကြီးပွားရေး မီဒီယာများ** – ဤသဘောတူညီမှုကို **"အပြုသဘော ဆောင်သောအဆင့်တစ်ခု"** အဖြစ် ဖော်ပြထားသော်လည်း **"အဓိကအကျဆုံး အကျိုးစီးပွားများ"** ကို လျှော့ပေါ့မည် မဟုတ်ကြောင်း ဖော်ပြကြသည်။

**နောက်ဘာတွေဆက်ဖြစ်လာနိုင်လဲ?**

နှစ်နိုင်ငံမှ ကိုယ်စားလှယ်များသည် ရက်သတ္တပတ်အနည်းငယ်အတွင်း တွေ့ဆုံကာ အသေးစိတ် အချက်အလက်များကို အတည်ပြုရန် စီစဉ်ထားသည်။ အကယ်၍ အောင်မြင်ပါက ဤသဘောတူညီမှုသည် ပိုမိုကျယ်ပြန့်သော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံဖြစ်လာနိုင်သော်လည်းနိုင်ငံရေးအရ ပြိုင်ဆိုင်မှုများမှာ ဆက်လက်ရှိနေဦးမည်ဟု ဆန်းစစ်သူများက ခန့်မှန်းထားကြသည်။

လောလောဆယ်အနေဖြင့်၊ **"ကနဦးသဘောတူညီမှု"** သည် ပြိုင်ဆိုင်မှုနှင့် သတိထား ပူးပေါင်းဆောင်ရွက်မှုတို့ကြား နှစ်နိုင်ငံဆက်ဆံရေးကို တည်ငြိမ်စေရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် မှတ်ယူနိုင်သည်။

Source: https://www.axios.com/2025/06/11/us-china-trade-tariffs
https://www.foxbusiness.com/politics/us-china-reach-framework-implement-trade-deal

ဦးကောင်းဆက်
ဦးစီးအရာရှိ
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲ

## တရုတ်- အမေရိကန် ကုန်သွယ်ရေး ပဋိပက္ခကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် လာမည့်နှစ်တွင် နှေးကွေးလာမည်ဟု OECD ခန့်မှန်း

ကုန်သွယ်ရေးပဋိပက္ခများကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် လာမည့်နှစ်တွင် နှေးကွေးလာမည်ဟု World Trade Advocacy အဖွဲ့က ခန့်မှန်းထားသည်။ အဆိုပါနှေးကွေးမှုသည် တရုတ်၊ ကနေဒါ၊ မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စုတွင် သိသာစွာ သက်ရောက်မည်ဟု OECD က ပြောကြားသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) က ယခု သီတင်းပတ်တွင် ထုတ်ပြန်သည့် ကြေညာချက်အရ တရုတ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၆ ခုနှစ်တွင် ၄.၃ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသည်။ အဆိုပါခန့်မှန်းချက်သည် လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာ့ကုန်သွယ်ရေး ပဋိပက္ခများကို ထည့်သွင်းစဉ်းစားကာ ဝ.၁ ရာခိုင်နှုန်း လျှော့ချ ခန့်မှန်း ခဲ့ခြင်းဖြစ်သည်။



ပဲရစ်မြို့အခြေစိုက် OECD က ကုန်သွယ်မှုအတွက် သိသာထင်ရှားသည့် အတားအဆီးများ၊ ယုံကြည်မှု လျော့နည်းခြင်းများနှင့် မူဝါဒများ မရေရာမှုကြောင့် ယခုနှစ်နှင့် လာမည့်နှစ်တွင် ကမ္ဘာတစ်ဝန်း စီးပွားရေးတိုးတက်မှုနှုန်းအပေါ် ဖိအားပေးလျက်ရှိသည်ဟု ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နိုင်ငံအများစုမှ တင်သွင်းသည့် သွင်းကုန် များအပေါ် အခွန်နှုန်းထား တိုးမြှင့်ကောက်ခံမှုအပြီး အဖွဲ့ဝင် ၃၈ နိုင်ငံပါဝင်သည့် OECD ၏ အစီရင်ခံစာတွင် အမေရိကန်၏ ပစ်မှတ်ထားခံရသော နိုင်ငံအများစုသည် အာရှတွင်တည်ရှိပြီး တရုတ်နိုင်ငံကို အဓိကထားကြောင်း ဖော်ပြထားသည်။

OECD ၏ ခန့်မှန်းချက်အရ တရုတ်နိုင်ငံ၏ ပို့ကုန်များသည် အခွန်စည်းမျဉ်းအသစ်များကြောင့် ပိုမိုထိန်းချုပ်ခံရဖွယ်ရှိပြီး ပြည်တွင်းတွင်ကုန်ထုတ်လုပ်မှုများပိုမိုတိုးမြှင့်ထုတ်လုပ်လာမှုကြောင့် သွင်းကုန်များကျဆင်းလာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာတွင် **“အခွန်ကောက်ခံမှုများသည် ပုဂ္ဂလိကကုမ္ပဏီများ၊ နိုင်ငံခြားကုမ္ပဏီ များအပါအဝင် အဓိက တင်ပို့သူများအပေါ် တစ်ပြေးညီမဟုတ်ဘဲ သက်ရောက်ခံစားရမည်”** ဟု ဖော်ပြထားသည်။ ယခင်နှစ်က အမေရိကန်

ပြည်ထောင်စုသည် တရုတ်နိုင်ငံမှ တိုက်ရိုက်ကုန်စည် ပို့ကုန်များ၏ ၁၃.၅ ရာခိုင်နှုန်းကို လက်ခံခဲ့သည်။

Source: Ralph Jennings (၄-၆-၂၀၂၅)

ဦးနိုင်မင်းထွန်း
လက်ထောက်ညွှန်ကြားရေးမှူး
စီမံရေးရာဌာနနှင့် ငွေစာရင်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ ယနေ့ကမ္ဘာ့စီးပွားရေးအပေါ်ယုံကြည်မှု

ကမ္ဘာကြီးသည် အပြန်အလှန်ချိတ်ဆက်မှုမြင့်မားလာခြင်းနှင့် တည်ငြိမ်မှု မရှိသည့် အခြေအနေများဖြင့် ပြည့်နှက်လာသော ယနေ့ခေတ်တွင် ကမ္ဘာ့စီးပွားရေး အပေါ် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုသည် စီးပွားရေး လှုပ်ရှားမှုများ၊ ငွေကြေးဈေးကွက်များနှင့် နိုင်ငံတကာ မူဝါဒသတ်မှတ်ချက်များကို ဆောင်ရွက်ရာ တွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာသည်။ ရင်းနှီးမြှုပ်နှံသူများ၏ သဘော ထားသည် နယ်စပ်ဖြတ်ကျော် အရင်းအနှီးများ စီးဆင်းမှုကို တွန်းအားပေးနိုင်ပြီး ငွေလဲမှုနှုန်းကို လွှမ်းမိုးကာ နိုင်ငံ့စီးပွားရေး၏ အောင်မြင်မှု သို့မဟုတ် ကျရှုံးမှုကို ဆုံးဖြတ်နိုင်သည်။ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုသည် အကျပ်အတည်းများမှ စီးပွားရေး ပြန်လည်ဦးမော့လာမှု၊ ပထဝီဝင် နိုင်ငံရေး တင်းမာမှုများ၊ နည်းပညာ ဆန်းသစ်တီထွင်မှုနှင့် ငွေကြေးဆိုင်ရာမူဝါဒများ ပြောင်းလဲလာခြင်းတို့ ၏ အပြန် အလှန် ဆက်စပ်မှုဖြင့် ပုံဖော်ထားခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပထဝီဝင်နိုင်ငံရေးတင်းမာမှုများ (အထူး သဖြင့် ရုရှား-ယူကရိန်း ပဋိပက္ခ) ကြောင့် ဖြစ်ပေါ်လာသော စွမ်းအင်အကျပ် အတည်းနှင့် ၂၀၂၀ ခုနှစ် အစောပိုင်းကာလများ၏ ငွေကြေးဖောင်းပွမှုလှိုင်းများ သည် ကမ္ဘာ့စီးပွားရေးအပေါ် ဖျောက်ဖျက် ၍မရသော အမှတ်အသားများအဖြစ် ရှိခဲ့သည်။ အထူးသဖြင့် ကမ္ဘာ့မြောက်ပိုင်း နိုင်ငံအများအပြားသည် သိသိသာသာ ခံနိုင်ရည်ရှိမှုကို ပြသခဲ့ကြပြီး စီးပွားရေးဖြစ်စဉ်များ တဖြည်းဖြည်း ပြန်လည် ကောင်းမွန်လာခြင်း၊ ငွေဖောင်းနှုန်း လျော့နည်းလာခြင်းနှင့် အလုပ်အကိုင် ဈေးကွက်များ ပြန်လည်ရုပ်သိမ်းကောင်းမွန်လာခြင်းတို့ကို ထင်ရှားစွာ တွေ့မြင်ရ သည်။ တစ်ဖက်တွင်လည်း အမေရိကန်ဗဟိုဘဏ်နှင့် ဥရောပဗဟိုဘဏ်တို့က

ငွေကြေးဖိအားပေးမှု မူဝါဒများကို လုပ်ဆောင်ခဲ့သဖြင့် ချေးငွေကန့်သတ်မှုများ ပိုမိုတင်းကြပ်လာခြင်းနှင့် တချို့ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်မှုနှုန်း နှေးကွေးခြင်းတို့ကိုလည်း တွေ့ရှိရသည်။

နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများသည် ယခုကဲ့သို့ ရှုပ်ထွေးနေသော အခြေအနေများကို ကောင်းမွန်သည့် အမြင်ဖြင့် တုံ့ပြန်လျက်ရှိကြသည်။ အမေရိကန်၊ ဂျာမနီ၊ ဂျပန် နိုင်ငံတို့ကဲ့သို့သော ဖွံ့ဖြိုးပြီးနိုင်ငံများသည် စီးပွားရေးနှင့် နိုင်ငံရေး တည်ငြိမ်မှုကောင်းမွန်ခြင်း၊ ကောင်းမွန်သည့် ဘဏ္ဍာရေးနည်းစနစ်များ တည်ရှိခြင်းနှင့် မူဝါဒဝန်းကျင်ကောင်းများရှိခြင်းတို့ကြောင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများအတွက် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ဆွဲ ဆောင်လျက်ရှိကြသည်။ သို့သော် တစ်ဖက်တွင်လည်း ရင်းနှီးမြှုပ်နှံသူများသည် အချို့နိုင်ငံများ၌ ကြွေးမြီအဆင့်မြင့်မားခြင်း၊ ငွေဖောင်းမှုမြင့်မားနေခြင်းနှင့် ပထဝီနိုင်ငံရေး အကြပ်အတည်းများ သို့မဟုတ် မမျှော်လင့်ထားသော စျေးကွက်လှုပ်ခတ်မှုများကြောင့် ဖြစ်ပေါ်လာသည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ကျဆင်းမှုအန္တရာယ်များကို သတိထားနေကြဆဲဖြစ်သည်။

ပထဝီဝင်နိုင်ငံရေး မသေချာမရေရာမှုသည် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ထိခိုက်စေသော အချက်များအနက် တစ်ခုဖြစ်သည်။ တောင်တရုတ်ပင်လယ်တွင် ဆက်လက်ဖြစ်ပွားနေသော တင်းမာမှုများ၊ အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေး ပွတ်တိုက်မှုများ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများ၏ ဒေသအချို့တွင် နိုင်ငံရေးမတည်မငြိမ်မှုများ ကြောင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ထိခိုက်စေသည့်အမြင်ကို မြင့်မားစေသည်။ အဆိုပါအန္တရာယ်များကို ရင်းနှီးမြှုပ်နှံမှုမူဝါဒများအတွင်း ထည့်သွင်းစဉ်းစားကြပြီး၊ အများအားဖြင့် ရင်းနှီးမြှုပ်နှံသူများသည် အမေရိကန်တွင် ထုတ်လုပ်သော ငွေတိုက်စာချုပ်များ၊ ရွှေနှင့် ဆွစ်ဖရန့်စသည့် **"လုံခြုံသောနေရာများ"** ဟုသတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံမှုများဆီသို့ ပြောင်းရွှေ့ ရင်းနှီးမြှုပ်နှံရန်ကြိုးစားလာကြသည်။

အချို့သောနိုင်ငံများတွင် ကာကွယ်ရေးဆိုင်ရာမူဝါဒများ ပြန်လည်ပေါ်ပေါက်လာခြင်းနှင့် ဂလိုဘယ်လိုက်ဇေးရှင်းအပေါ် သံသယစိတ်များ တိုးပွားလာခြင်းတို့ကြောင့် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုတွင် မသေချာမရေရာမှုများ ပိုမိုမြင့်မားလာခဲ့ကြသည်။ ရင်းနှီးမြှုပ်နှံသူများသည် ကုန်သွယ်ရေး မူဝါဒများ၊ ပိတ်ဆို့မှုများနှင့် ထောက်ပံ့ရေး ကွင်းဆက်များကို အနှောင့်အယှက် ဖြစ်စေနိုင်သော ဒေသအတွင်းမဟာမိတ်ဆိုင်ရာအဖွဲ့အစည်းများနှင့်နိုင်ငံရေးဖွဲ့စည်းပုံများကိုအနီးကပ်စောင့်ကြည့်

လျက်ရှိကြသည်။ ဥပမာအားဖြင့် ယူကရိန်းစစ်ပွဲသည် ကမ္ဘာ့စွမ်းအင် ကဏ္ဍအတွက် စွမ်းအင်ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်အာရုံစိုက်စေခဲ့ပြီးထောက်ပံ့ရေးအရင်းအမြစ်များ မတူကွဲပြားစွာအားပေးပြီး အထူးသဖြင့် ဥရောပတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက် ရင်းနှီးမြှုပ်နှံမှုကို အရှိန်မြှင့်ခဲ့သည်။ ဤနည်းအားဖြင့် ပထဝီဝင်နိုင်ငံရေး တိုးတက်မှုများသည် စိန်ခေါ်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အခင်းအကျင်းများကို ပြန်လည်ပုံဖော် ပေးနေခြင်းဖြစ်သည်။

နည်းပညာသည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအတွက် မျှော်လင့်ချက်နှင့် အခွင့်အလမ်းတစ်ခုအဖြစ် ဆက်လက်ရှိနေပါသည်။ ၂၀၂၅ ခုနှစ်တွင်၊ ဉာဏ်ရည်တု၊ အစိမ်းရောင်စွမ်းအင်၊ ဇီဝနည်းပညာနှင့် fintech ကဲ့သို့သော ကဏ္ဍများကို တိုးတက်မှုမြင့်မားသော နေရာများအဖြစ် ရှုမြင်နိုင်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုများရှိနေ သော်လည်း အဆိုပါကဏ္ဍများသည် ရင်းနှီးမြှုပ်နှံမှုများ အထူးသဖြင့် အကျိုးတူ အရင်းအနှီးများနှင့် ရေရှည် အကျိုးအမြတ်များကို ရှာဖွေနေသည့် အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများက သိသိသာသာ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိသည်။

ဘဏ္ဍာရေးဝန်ဆောင်မှုများ၏ ဒစ်ဂျစ်တယ် အသွင်ပြောင်းခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုလည်း လွယ်ကူချောမွေ့စေပါသည်။ Fintech ပလက်ဖောင်းများ၊ blockchain-based ပိုင်ဆိုင်မှုများနှင့် ဒစ်ဂျစ်တယ် ငွေပေးချေမှုစနစ်များသည် နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုအတွက် အတားအဆီးများကို လျှော့ချပေးခဲ့ပြီး လက်လီနှင့် အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများကို နိုင်ငံတကာဈေးကွက်များသို့ ပိုမိုကျယ်ပြန့်စွာဝင်ရောက် ခွင့်ပေးခဲ့သည်။ သို့သော် ဤနည်းပညာများ၏ လျင်မြန်စွာပြောင်းလဲမှုသည် စည်းမျဉ်းစည်းကမ်းဆိုင်ရာ စိန်ခေါ်မှုများ၊ ဆိုက်ဘာလုံခြုံရေး အန္တရာယ်များနှင့် ဈေးကွက်မတည်ငြိမ်မှုများကိုလည်း ဆောင်ကြဉ်းပေးနိုင်ပြီး လုံလောက်စွာ စီမံဆောင်ရွက်မှုများမရှိပါက ရင်းနှီးမြှုပ်နှံသူ၏ စိတ်အား ထက်သန်မှုကို အနှောင့်အယှက် ဖြစ်စေနိုင်ပါသည်။

ထွန်းသစ်စဈေးကွက်များသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအတွက် အစွန်းနှစ်ဖက်ပါသော အဆိုပြုချက်ကို ပေးဆောင်လျက်ရှိပါသည်။ တစ်ဖက်တွင်လည်း အဆိုပါစီးပွားရေးသည် မြင့်မားသောတိုးတက်မှုနှုန်းများ၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝပြီး လူငယ်လူရွယ်များ ရှိနေခြင်းသည်လည်း ကောင်းမွန်သည့် အနေအထားကို ဖော်ညွှန်းနေခြင်းဖြစ်သလို အခြားတစ်ဖက်တွင်လည်း နိုင်ငံရေးမတည်ငြိမ်မှု၊ ငွေကြေးမတည်ငြိမ်မှုနှင့် မဖွံ့ဖြိုးသေးသော ငွေကြေးဆိုင်ရာ အခြေခံ

အဆောက်အအုံများကဲ့သို့သော ဘေးအန္တရာယ်များလည်း ရှိလာနိုင်ပါသည်။

၂၀၂၅ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံသူများသည် ထွန်းသစ်စဈေးကွက်များသို့ ပိုမိုရွေးချယ် ချဉ်းကပ်မှု တစ်ရပ်ကို ကျင့်သုံးလာကြသည်။ ခိုင်မာသောစီးပွားရေး အခြေခံများ၊ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာမူဝါဒများနှင့် လူလတ်တန်းစားများ တိုးပွား လာခြင်းတို့ကြောင့် အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်ကဲ့သို့သော နိုင်ငံများက အဆိုပါ ဈေးကွက်များသို့ ဝင်ရောက်လာကြသည်ကို မြင်တွေ့ရပါသည်။ တစ်ချိန် တည်းတွင် ကြွေးမြီအကျပ်အတည်းများ၊ နိုင်ငံရေးဆူပူအုံကြွမှုများ၊ သို့မဟုတ် အားနည်းသော အဖွဲ့အစည်းများဖြင့် ရုန်းကန်နေရသည့် နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံ သူ များ၏ စိတ်ဝင်စားမှု လျော့ကျသွားသည်ကို မြင်တွေ့ခဲ့ရသည်။

သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် အုပ်ချုပ်မှုစနစ် (ESG) စသည့် အချက် များကို ထည့်သွင်းစဉ်းစားခြင်းသည် ထွန်းသစ်စဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ဆုံးဖြတ်ချက်များကို တိုးမြှင့်သက်ရောက်စေပါသည်။ ရင်းနှီးမြှုပ်နှံသူ များသည် အမြတ်အစွန်းများကို ရှာဖွေနေရုံမျှမက ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများ ရေရှည်တည်တံ့မှုနှင့် ကျင့်ဝတ်ဆိုင်ရာ အကျိုးသက်ရောက်မှုများကိုလည်း အကဲဖြတ်လျက်ရှိကြသည်။ အဆိုပါအခြေအနေများသည် ဖွံ့ဖြိုးဆဲဒေသများရှိ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း စီမံချက်များတွင် စိတ်ဝင်စားမှုကို မြှင့်တင်ပေးလျက်ရှိပါသည်။

ငွေကြေးမူဝါဒသည် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှု အခြေခံအုတ်မြစ် ဖြစ်ပါသည်။ ကမ္ဘာ့ဗဟိုဘဏ်များမှ အစပြုသည့် တင်းကျပ်သည့် လမ်းကြောင်းများ သည် ငွေဖြစ်လွယ်မှု၊ ချေးငွေရရှိနိုင် မှုနှင့် အရင်းအနှီးစီးဆင်းမှုတို့အပေါ် လေးနက် သော သက်ရောက်မှုရှိသည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (World Bank) နှင့် G20 ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းထားသော မူဝါဒ ဆောင်ရွက်မှုသည် ဘဏ္ဍာရေးတည်ငြိမ်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက် မှုကို မြှင့်တင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို မြှင့်တင်စေနိုင်ပါသည်။ ကြွေးမြီပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန်၊ ကုန်စည်ဈေးကွက်များ တည်ငြိမ်စေရေး နှင့် ရာသီဥတု လိုက်လျောညီထွေဖြစ်အောင် ဘဏ္ဍာငွေထောက်ပံ့မှုတို့ကို ပံ့ပိုးပေးမှု များသည် ရေရှည်တည်ငြိမ်မှုနှင့် တိုးတက်မှု အလားအလာများအတွက် ရင်းနှီးမြှုပ်နှံ သူများ၏ အမြင်များကို ပုံဖော်သည့် အခန်းကဏ္ဍမှ ပါဝင်ခြင်းလည်းဖြစ်သည်။

ယနေ့ကမ္ဘာ့စီးပွားရေးတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို သိမ်မွေ့ သော စွန့်စားမှုနှင့်အခွင့်အလမ်းကို ချိန်ခွင်လျှာဖြင့် ပုံဖော်ထားပါသည်။ မကြာသေး

မီက ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများနှင့် လက်ရှိဖြစ်ပေါ်နေသော ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုများမှ စီးပွားရေးအခက်အခဲများ ဆက်တိုက်ဖြစ်ပေါ်နေချိန်တွင် နည်းပညာဆန်းသစ်တီထွင်မှု၊ မူဝါဒနှင့် လိုက်လျောညီထွေရှိမှုနှင့် ပေါ်ပေါက်လာသော ဈေးကွက်အလားအလာများသည် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေပါသည်။ အနာဂတ်တွင် နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ မသေချာမရေရာမှုများကို စီမံခန့်ခွဲရန် အားလုံးပါဝင်နိုင်သည့် တိုးတက်မှုကို မြှင့်တင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိသော ဈေးကွက်များကို ထိန်းသိမ်းနိုင်မှုသည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို တည်တံ့ခိုင်မြဲစေရေးနှင့် မြှင့်တင်ရန်အတွက် အဓိကသော့ချက်ဖြစ်ကြောင်း သိရှိရပါသည်။

**Source:** BCG. (2024). *Global Investor Outlook 2024–2025: Expectations and Risk Appetite*. Boston Consulting Group.

Business Insider. (2025a, June 5). *Investors pull capital from U.S. stocks amid rising concerns over debt and tariffs*. https://www.businessinsider.com/stock-market-outlook-sell-america-european-stocks-jpmorgan-inflation-rates-2025-5

Reuters. (2025, June 11). *Global investors rotate out of U.S. equities, into Europe and emerging markets*. https://www.reuters.com/markets/wealth/global-markets-fundflows-2025-06-11/

World Bank. (2025). *Global Economic Prospects, June 2025*. https://www.worldbank.org/en/publication/global-economic-prospects

ဒေါ်အေးအေး
ဒုတိယညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## ဖွံ့ဖြိုးနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထူးစီးပွားရေးဇုန်များ၏ ရင်းနှီးမြှုပ်နှံမှု အကျိုးသက်ရောက်မှုနှင့် ရလဒ်များ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အထူးစီးပွားရေးဇုန်ဆိုင်ရာ ၂၀၂၃ စာအုပ်အား ရုရှားအသင်းချုပ်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ အကူအညီဖြင့် ရုရှားနိုင်ငံ၏ စီးပွားရေး အသင်းအဖွဲ့ များဖြစ်ကြသည့် Clusters၊ Technoparks နှင့် အထူးစီးပွားရေးဇုန် တာဝန်ရှိသူများက ရေးသား ပြုစု ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံ အထူးစီးပွားရေးဇုန်များ၏ လုပ်ငန်းဆောင်ရွက်ချက်များကို

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့ ပြည်ထောင်စုဥပဒေအမှတ်-၁၁၆ အရ လိုက်နာကျင့်သုံးရပါသည်။ အထူးစီးပွားရေးဇုန် တည်ထောင်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့ ရုရှား အစိုးရ အမိန့်အမှတ်- ၃၉၈ ၏ အထူးစီးပွားရေးဇုန် ထူထောင်ခြင်းစံနှုန်းများ အတည်ပြုချက်တွင် ထည့်သွင်းထားပါသည်။ အထူးစီးပွားရေးဇုန်သည် စီးပွားရေးလုပ်ငန်းများ အတွက် ဦးစားပေး အခွန်စနစ်ရှိပြီး လွတ်လပ်သောအကောက်ခွန်ဇုန်၏ လုပ်ထုံးလုပ်နည်းများကိုလည်း ကျင့်သုံးပါသည်။

ရုရှားနိုင်ငံရှိ အထူးစီးပွားရေးဇုန်များအတွင်း လုပ်ငန်းဆောင်ရွက်မည်ဆိုပါက ရုရှားဒေသ၏ မြူနီစီပယ်ဧရိယာအတွင်း တစ်ဦးတည်းပိုင် စီးပွားရေးလုပ်ငန်းသို့မဟုတ် စီးပွားရေးအဖွဲ့အစည်းအဖြစ် တရားဝင်မှတ်ပုံတင်ခြင်း၊ အထူးစီးပွားရေးဇုန်အတွင်း နေထိုင်သူ လျှောက်လွှာနှင့်အတူ နိုင်ငံကူးလက်မှတ်၊ ဒေသအာဏာပိုင်၏ ခွင့်ပြုထားသည့် ငွေကြေးပိုင်ဆိုင်မှု အထောက်အထား တင်ပြခြင်း၊ စီမံကိန်းလိုင်စင်ကို ကျွမ်းကျင်သူအဖွဲ့ကောင်စီတွင် တင်ပြပြီး ခွင့်ပြုချက်ရယူခြင်း၊ အထူးစီးပွားရေးဇုန် နယ်နိမိတ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်ဒေသအာဏာပိုင်၊ စီမံခန့်ခွဲမှု ကော်မတီနှင့် ရင်းနှီးမြှုပ်နှံသူစသည့် ၃ ဦးချုပ်ဆိုထားသည့် စာချုပ်ချုပ်ဆိုခြင်း လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက် ရမည်ဖြစ်ပါသည်။

ရုရှားနိုင်ငံ၏ အထူးစီးပွားရေးဇုန်ဆိုင်ရာ မူဝါဒများကို ၂၀၀၅ ခုနှစ်တွင် စတင်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်အထိ ရုရှားနိုင်ငံ၏ အထူးစီးပွားရေးဇုန်များ စုစုပေါင်း ၅၀ ခုအား တည်ထောင်ထားရှိပြီး ဖြစ်သည်။ အထူးစီးပွားရေးဇုန် အမျိုးအစားများမှာ အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်သည်-

- စက်မှုလုပ်ငန်းနှင့် ထုတ်လုပ်မှုဆိုင်ရာ ၃၁ ခု အမျိုးအစား အထူး စီးပွားရေးဇုန်များ (INDUSTRIAL PRODUCTION TYPE SEZS - IPT SEZ)
- နည်းပညာပိုင်းဆိုင်ရာ ၇ ခု အကောင်အထည်ဖော်မှု အမျိုးအစား အထူးစီးပွားရေးဇုန်များ (TECHNICAL IMPLEMENTATION TYPE SEZS-TIT SEZ)

- ♦ ခရီးသွားနှင့် အပန်းဖြေလုပ်ငန်းဆိုင်ရာ အမျိုးအစား အထူးစီးပွားရေးဇုန် များ (TOURIST AND RECREATIONAL TYPE SEZS- TRT SEZ) ၁၀ ခု
- ♦ ဆိပ်ကမ်းဆိုင်ရာ အထူးစီးပွားရေးဇုန်များ (PORT SEZS-PSEZ) ၂ ခု

၎င်းအထူးစီးပွားဇုန်များသို့ နိုင်ငံပေါင်း ၃၉ နိုင်ငံမှ လာရောက် ရင်းနှီးမြှုပ်နှံပြီးဇုန်အတွင်း လုပ်ကိုင်ဆောင်ရွက်သည့်လုပ်ငန်း ၁၀၃၁ ခုရှိ၍ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၆၅,၉၈၀ ဦးခန့် ဖန်တီးပေးနိုင်ကာ နိုင်ငံခြားသားပိုင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၂၆ ခုရှိကြောင်း ဖော်ပြထားပြီး လူဦးရေအားဖြင့် ၈၉၀,၉၇၃ သန်းခန့်နှင့် ရုရှားနိုင်ငံက ၇၁.၆ % ဖြင့် ပထမနေရာ၌လည်းကောင်း၊ နယ်သာလန်က ၁၀.၇ % ဖြင့် ဒုတိယ နေရာ၌လည်းကောင်း၊ ဂျာမနီနိုင်ငံက ၃.၆ % ဖြင့် တတိယနေရာတွင်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၁၉-၂၀၂၂ ခုနှစ် ကာလအတွင်း ဒေသအလိုက် အထူးစီးပွားရေးဇုန်များမှ အဓိက ပို့ကုန်များကို နိုင်ငံ ၃၆ နိုင်ငံသို့ တင်ပို့လျက်ရှိပြီး အဆိုပါနိုင်ငံများမှာ မြန်မာနိုင်ငံအပါအဝင် အမေရိကန်၊ အိုင်ယာလန်၊ နယ်သာလန်၊ ဂျာမနီ၊ ဂရိတ်ဗြိတိန် စသည့် နိုင်ငံများဖြစ်ပါသည်။

စက်မှုလုပ်ငန်းနှင့် ထုတ်လုပ်မှုဆိုင်ရာ အထူးစီးပွားရေးဇုန်(IPT-SEZ) အတွင်း ဆောင်ရွက်မည့်သူများအတွက် အခြေခံလိုအပ်ချက်များမှာ လုပ်ကိုင်ဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုခံရသည့် တစ်ဦးတည်းပိုင် စီးပွားရေးလုပ်ငန်း သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းအဖြစ် ခန့်အပ်ခြင်းကိစ္စရပ်များ၊ စက်မှုကုန်ထုတ် သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာနှင့် အကောင်အထည်ဖော်ခြင်း သို့မဟုတ် ထောက်ပံ့ ပို့ဆောင်ရေးကိစ္စရပ်များ၊ စာချုပ်ချုပ်ဆိုသည့် ရက်မှစ၍ ၃ နှစ် အတွင်း ကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏ ရူဘယ် ၄၀ သန်း ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပြီး မတည်ငွေရင်း စုစုပေါင်း ပမာဏ အနည်းဆုံး ရူဘယ် ၁၂၀ သန်း ထည့်ဝင်ရမည်ဖြစ်သည်။

နည်းပညာပိုင်းဆိုင်ရာ အကောင်အထည်ဖော်မှု အမျိုးအစားကို အထူးစီးပွားရေးဇုန် (TIT-SEZ) အတွင်း လုပ်ကိုင်ဆောင်ရွက်မည့် သူများအတွက်

အခြေခံလိုအပ်ချက်များမှာ လုပ်ကိုင် ဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုခံရသည့် တစ်ဦးတည်းပိုင် စီးပွားရေးလုပ်ငန်း သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းအဖြစ် ခန့်အပ်ခြင်း၊ စက်မှုကုန်ထုတ်သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာနှင့်အကောင်အထည် ဖော်ခြင်း သို့မဟုတ် ထောက်ပံ့ပို့ဆောင်ရေးကိစ္စရပ်များနှင့် အနည်းဆုံး ရင်းနှီးမြှုပ်နှံမှု သတ်မှတ်ချက် မရှိခြင်းတို့ဖြစ်သည်။

ခရီးသွားနှင့် အပန်းဖြေစရာအမျိုးအစားကို အထူးစီးပွားရေးဇုန် (TRT-SEZ) အတွင်း ဆောင်ရွက်မည့်သူများအတွက် အခြေခံလိုအပ်ချက်များမှာ လုပ်ကိုင် ဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုခံရသည့် တစ်ဦးတည်းပိုင် စီးပွားရေးလုပ်ငန်း သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းအဖြစ် ခန့်အပ်ခြင်း၊ စက်မှုကုန်ထုတ် သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာနှင့် အကောင်အထည်ဖော်ခြင်း သို့မဟုတ် ထောက်ပံ့ပို့ဆောင်ရေးကိစ္စရပ်များနှင့် အနည်းဆုံးရင်းနှီးမြှုပ်နှံမှုသတ်မှတ်ချက် မရှိခြင်းဟု ဖော်ပြထားသည်။

ဆိပ်ကမ်းအမျိုးအစားကိုအထူးစီးပွားရေးဇုန်(PSEZ) အတွင်း ဆောင်ရွက်မည့်သူများအတွက် အခြေခံလိုအပ်ချက်များမှာ စီးပွားရေး အဖွဲ့အစည်း အဖြစ်သာ လုပ်ကိုင်ဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုခန့်အပ်ခြင်း၊ ဆိပ်ကမ်း၊ ဆောက်လုပ်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ အဆောက်အအုံများလည်ပတ်မှု၊ ဆိပ်ကမ်း၊ မြစ်ဆိပ်ကမ်း သို့မဟုတ် လေဆိပ် သို့မဟုတ် စက်မှုဇုန် ထုတ်လုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စာချုပ်ချုပ်ဆိုသည့် ရက်မှစ၍ ၃ နှစ်အတွင်း ကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏ ရူဘယ် ၄၀ သန်း ရင်းနှီးမြှုပ်နှံ ရမည်ဖြစ်ပြီး စီမံကိန်းအမျိုးအစားပေါ်မူတည်၍ အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းအတွက် ရူဘယ် ၄၀၀ သန်းနှင့် ပြန်လည် တည်ဆောက်ရေးအတွက် မတည်ငွေရင်း စုစုပေါင်းပမာဏအနည်းဆုံး ရူဘယ် ၁၂၀ သန်း ထည့်ဝင်ရမည့် သတ်မှတ်ချက်များပါရှိသည်။

ယင်းအထူးစီးပွားရေးဇုန်များသို့ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုနှင့် ဒေသဆိုင်ရာ အခွန်အကောက် သက်သာခွင့်/ ကင်းလွတ်ခွင့်များ၊ ဒေသအာမခံချက်များ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများ၊ သင့်တင့်လျောက်ပတ်သည့် စျေးနှုန်းများဖြင့် မြေယာငှားရမ်းခြင်းများကို ဆောင်ရွက်နိုင်

ခြင်းနှင့် အကောက်ခွန်ကင်းလွတ်ခွင့်ဇုန်ရှိခြင်း စသည့် အဓိကအကျိုးကျေးဇူးများ ကို ခံစားခွင့်ရှိမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အထူးစီးပွားရေးဇုန် နယ်နိမိတ်အတွင်း အခွန်အကောက်ဆိုင်ရာ အကျိုးကျေးဇူးများတွင် ဒေသအလိုက် ကွဲပြားခြားနားမှုများရှိပြီး အခွန်အကျိုး ခံစားခွင့် အမျိုးအစားများတွင် အမြတ်ခွန်၊ တန်ဖိုးမြှင့် အခွန်၊ ပိုင်ဆိုင်မှုအခွန်၊ မြေယာအခွန်နှင့် သယ်ယူပို့ဆောင်ရေး အခွန် တို့ဖြစ်ပြီး လူမှုရေးဆိုင်ရာ အကျိုးခံစားခွင့်များကိုလည်း သက်သာခွင့်များ ပေးထား ကြောင်းနှင့် ဒေသအများစုတွင် အခွန်ကင်းလွတ်ခွင့်ကာလကို ပထမ ၁၀ နှစ်အတွင်း ခံစားခွင့်ပေးထားခြင်းကို တွေ့ရှိရသည်။

ဇုန်အမျိုးအစားပေါ် မူတည်၍ မြေဧရိယာနှင့် နယ်နိမိတ် သတ်မှတ်ချက် များတွင် IPT ဇုန်တွင် မြေဧရိယာ 60 $km^2$ ထက် မပိုရန်နှင့် နယ်နိမိတ်သတ်မှတ် ချက်တွင် သီခြားလိုအပ်ချက်မရှိခြင်း၊ TIT ဇုန်တွင် မြေဧရိယာ 6 $km^2$ ထက် မပိုရန် နှင့် နယ်နိမိတ် သတ်မှတ်ချက်တွင် သီးခြားလိုအပ်ချက် မရှိခြင်းတို့ဖြစ်သည်။ PSEZ ဇုန်တွင် မြေဧရိယာ 50 $km^2$ ထက် မပိုရန်နှင့် နိုင်ငံတကာအတွက် ပင်လယ်ရေ ကြောင်း၊ မြစ်ကြောင်းဝင်ပေါက်၊ လေဆိပ် စသည့်တို့ကို ဖွင့်လှစ်ထားရှိခြင်း၊ TPT ဇုန်တွင် မြေဧရိယာ 60 $km^2$ ထက် မပိုရန်၊ နယ်နိမိတ် သတ်မှတ်ချက်တွင် သီးခြား လိုအပ်ချက်မရှိခြင်းနှင့် စိုက်ပျိုးမြေ၊ သစ်တောမြေ သို့မဟုတ် ကာကွယ် ရေးနယ် နိမိတ်အတွက် ရည်ရွယ်သတ်မှတ်ထားသည့် မြေအမျိုးအစားများကို ဖန်တီး ပေးနိုင်သည့်အပြင် နေထိုင်ရန် အိမ်ရာများကို ဆောက်လုပ်ခွင့်ကို ခွင့်ပြုထားသည်။ IPT, TIT နှင့် PSEZ ဇုန်များသည် စက်မှုမြေ၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လေလိုင်းလွှင့်တင်ခြင်း၊ တယ်လီဖေးရှင်း၊ ကွန်ပျူတာသိပ္ပံ စသည့် လုပ်ငန်းများအတွက် ဆောင်ရွက်နိုင်သည့် မြေအမျိုးအစားများ ပါဝင်ပြီး ၎င်းဇုန်များ အတွင်း နေထိုင်ရန် အိမ်ယာဆောက်လုပ်ခြင်းများကို ခွင့်မပြုခြင်းများကို သတ်မှတ် ထားသည်။

ရုရှားနိုင်ငံရှိ အထူးစီးပွားရေးဇုန်များသည် ကြီးမားသည့် ပြည်ထောင်စု စီမံကိန်းများထဲမှ တစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နိုင်ခဲ့မှုကို အကဲဖြတ်သည့် အဆင့်သတ်မှတ်ခြင်းဆိုင်ရာ နည်းလမ်းသည် ဘက်ပေါင်းစုံမှ အကဲဖြတ်ခြင်းအပေါ် အခြေခံထားပြီး လုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေ ချောမွေ့စေရန်အတွက် ရုရှား

နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်သည့် အခြေအနေများကို ညွှန်ကိန်း ၃၃ ခုဖြင့် တိုင်းတာကာ လုပ်ဆောင်ချက်ဆိုင်ရာ နည်းလမ်း (ညွှန်ကိန်းအုပ်စုများ) ၇ ခုဖြင့် အခြေခံ၍ ဆန်းစစ်မှုများ ပြုလုပ်ပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး စိန်ခေါ်မှုများကို လက်ရှိ ပြည်တွင်းနှင့်နိုင်ငံတကာ အဆင့်သတ်မှတ်ခြင်း အတွေ့အကြုံများကိုပါ ထည့်သွင်းစဉ်းစားထားခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထူးစီးပွားရေးဇုန်များအတွင်း လုပ်ငန်းဆောင်ရွက်သူများကို လွယ်ကူမြန်ဆန်သော စီမံအုပ်ချုပ်မှုစနစ်များ၊ အခွန်အကောက်ကင်းလွတ်ခွင့်များနှင့် အခြေခံအဆောက်အအုံ အထောက်အပံ့များပါဝင်ပြီး ရင်းနှီးမြှုပ်နှံသူများအတွက် စဉ်ဆက်မပြတ် အထောက် အပံ့များ ပေးလျက်ရှိသည်။

Source: Business Navigator on Special Economic Zones of Russia – 2023 https://www.akitrf.ru/en/news/the-association-of-clusters-technoparks-and-sezs-of-russia-publishes-the-english-version-of-the-publ/

ဒေါ်ရင်ရင်မာ
ဦးစီးအရာရှိ
ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်

မျက်မှောက်ခေတ်တွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာ၌ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်မှုသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လာလျက်ရှိပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံ အတော်များများတွင်မူ ပြည်တွင်းသို့ ရင်းနှီးမြှုပ်နှံမှုစီးဝင်ခြင်းအပြင် ပြည်ပသို့ ရင်းနှီးမြှုပ်နှံမှု စီးထွက်ခြင်းကိုလည်း နိုင်ငံစီးပွားရေး ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုသည့် မူဝါဒတစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ ရင်းနှီးမြှုပ်နှံမှုသည် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးအတွက် အရေးကြီးသည်ဖြစ်ရာ ခေတ်စနစ်နှင့် လိုက်လျောညီထွေသော ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပြင်ဆင်အစားထိုး ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ပိုမိုကောင်းမွန်အောင် တည်ဆောက်လျက်ရှိကြပါသည်။

## စင်ကာပူနိုင်ငံ၏ စီးပွားရေးဆိုင်ရာအချက်အလက်များ

စင်ကာပူနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း တစ်ဦးကျ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita Gross Domestic Product-GDP) အမြင့်ဆုံးသော နိုင်ငံဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ခြင်းသာမက ပြည်ပသို့ ရင်းနှီးမြှုပ်နှံမှု စီးထွက်ခြင်းတွင်လည်း ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။

အာဆီယံအချက်အလက်အစီရင်ခံစာ (ASEAN Highlights 2024) တွင် ဖော်ပြထားချက်အရ ၂၀၂၃ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ GDP စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၅၀၁.၃ ဘီလီယံရှိခဲ့ပြီး Per Capita GDP သည် အမေရိကန်ဒေါ်လာ ၈၄,၇၀၀ အထိ ရှိခဲ့ပါသည်။ အာဆီယံနိုင်ငံများအတွင်း စင်ကာပူနိုင်ငံ၏ ထူးခြားသော စီးပွားရေးအခြေအနေမှာ ဝန်ဆောင်မှုကဏ္ဍအပေါ် အမှီပြုခြင်းဖြစ်ပြီး နိုင်ငံ GDP ၏ ၇၆.၄% မှာ ရေကြောင်း၊ လေကြောင်းပို့ဆောင်ရေး၊ ဘဏ်နှင့် အာမခံလုပ်ငန်းများ၊ ဆက်သွယ်ရေး စသည့်ဝန်ဆောင်မှုကဏ္ဍများမှ ရရှိခြင်းဖြစ်ပါသည်။ စင်ကာပူနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှု အဓိကစီးဝင်သည့် နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ ယူကေ၊ ဂျပန်၊ တရုတ်၊ အိုင်ယာလန် နိုင်ငံများဖြစ်ပြီး ဘဏ္ဍာရေးနှင့် အာမခံကဏ္ဍသို့ ငွေသားအရင်းအနှီးစီးဝင်မှုမှာ အများဆုံးဖြစ်ပါ သည်။ ၂၀၁၆ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်မှုနှင့် ၂၀၂၄ ခုနှစ်တွင် စီးဝင်မှု အများဆုံး ကဏ္ဍများမှာ အောက်ပါပုံများအတိုင်း ဖြစ်ပါသည်-







အလားတူ ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ စင်ကာပူနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ၏ ပြည်ပ နိုင်ငံများတွင် သွားရောက်ရင်းနှီးမြှုပ်နှံမှုနှင့် အများဆုံးသွားရောက်သည့် ပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍများမှာ တစ်ဖက်ပါပုံများအတိုင်းဖြစ်ပါသည်-







**စီးပွားရေးဆိုင်ရာဥပဒေပြုအဖွဲ့အစည်းများ**

စင်ကာပူနိုင်ငံတွင် စီးပွားရေးဆိုင်ရာ အဓိကတာဝန်ခံသည့် အဖွဲ့အစည်းမှာ စီးပွားရေးဖွံ့ဖြိုးမှု ဘုတ်အဖွဲ့(Economic Development Board-EDB) ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ စင်ကာပူနိုင်ငံသည် အခြားအာဆီယံ နိုင်ငံများကဲ့သို့ ရင်းနှီးမြှုပ်နှံမှုဥပဒေကို သီးခြားပြဋ္ဌာန်းထားခြင်း မရှိဘဲ ကုမ္ပဏီမှတ်ပုံတင်ခြင်းကို Singapore Company Act အရလည်းကောင်း၊ နိုင်ငံခြားသားပိုင်ဆိုင်ခွင့်ပြုမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပြဋ္ဌာန်းထားသည့် ဥပဒေများအရ လည်းကောင်း၊ အခွန်ကင်းလွတ်ခွင့်များကို Economic Development Board Act နှင့် ချိတ်ဆက် ထားသည့် Economic Expansion Incentive Act အရ လည်းကောင်း စီမံခန့်ခွဲပါသည်။

**လုံခြုံရေးဆိုင်ရာ ပေါင်းစပ်စဉ်းစားမှု**

၂၀၁၉ ခုနှစ်တွင် ကိုဗစ်- ၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားလာချိန်မှ အစပြုကာ ကမ္ဘာ့နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုစီးဆင်းမှုသည် များစွာလျော့ကျလာခဲ့ပါသည်။ ကုန်စည်နှင့် ဝန်ဆောင်မှုလမ်းကြောင်းများ ပြတ်တောက်ခြင်းနှင့်အတူ ၂၀၁၉ မတိုင်မီက နိုင်ငံတကာ ကုမ္ပဏီကြီးများအကြား ပေါင်းစည်းဆောင်ရွက်နိုင်ရေးအတွက် စေ့စပ်ဆောင်ရွက်မှုများရပ်တန့်ခြင်း၊ ရုရှား-ယူကရိန်းစစ်ပွဲကဲ့သို့ မငြိမ်သက်မှုများ၊ ပထဝီနိုင်ငံရေးနှင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်လာမှုများသည် နိုင်ငံများ၏ လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိပါသည်။ အထူးသဖြင့် နိုင်ငံဖြတ်ကျော်သည့် တရားမဝင်ကုန်သွယ်မှုများ၊ နည်းပညာအခြေပြုသည့် ဆိုက်ဘာမှုခင်းများ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ စသည်တို့သည် နိုင်ငံအစိုးရများအနေဖြင့် ပိုမိုကြုံတွေ့လာရသည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများဖြစ်လာပါသည်။ သို့ဖြစ်ရာ ၂၀၀၀ ပြည့်နှစ်မတိုင်မီကာလများက နိုင်ငံအစိုးရများအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်မှုကို လိုလားစွာ ဖိတ်ခေါ်ခဲ့ကြသော်လည်း ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းကာလများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ရာ၌

နိုင်ငံတော် လုံခြုံရေး (National Security) နှင့် စီးပွားရေးဝန်းကျင်၏ ကြံ့ကြံ့ခံနိုင်မှု (Economic Resilience) တို့ကို ဦးစားပေးအဖြစ်စဉ်းစားဆောင်ရွက်လာကြပါသည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ဆက်သွယ်ရေး (Telecommunication)၊ ဘဏ်လုပ်ငန်း (Banking)နှင့် အရင်းအမြစ်နှင့်ဆက်စပ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (Utilities) စသည့် မတည်ရင်းနှီးငွေပမာဏ ကြီးမားပြီး အလွယ်တကူဆုံးရှုံးမှုများ ပေါ်ပေါက်နိုင်သည့် ဝန်ဆောင်မှုကဏ္ဍများအပေါ် အဓိကအလေးပေးထားပါသည်။ အထူးသဖြင့် စင်ကာပူအစိုးရက ထုတ်ဝေသည့် ငွေကြေးသက်သေခံစာချုပ်များ (Singapore Government’s Securities)၊ နိုင်ငံခြားကော်ပိုရိတ် ဘွန်းစာချုပ် (Foreign Corporate Bond) အမျိုးအစားမြောက်များစွာတွင် ရင်းနှီးမြှုပ်နှံနိုင်သည့် အာရှဒေသတွင် ကြီးမားသော ငွေကြေးဈေးကွက်ကို တည်ထောင်ထားသည်ဖြစ်ရာ အစိုးရအနေဖြင့် နိုင်ငံတွင်းသို့ စီးဝင်လာသည့် ရင်းနှီးမြှုပ်နှံမှုများကြောင့် ၎င်း၏ တည်ဆောက်ထားပြီးသော ခိုင်မာသည့် စီးပွားရေး အနေအထားအပေါ် ခြိမ်းခြောက်မှုများ မဖြစ်ပေါ်စေရေးအတွက် ရှိရင်းစွဲဥပဒေများအရ စောင့်ကြပ်ကြည့်ရှုမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် စင်ကာပူလွှတ်တော်အနေဖြင့် ရင်းနှီးမြှုပ်နှံမှု အထူးသုံးသပ်ချက်ဘီလ် (Significant Investment Review Bill) ကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ဤပြဋ္ဌာန်းချက်တွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်မှုများ မစတင်မီ စိစစ်မှု (Screening) အဆင့်၌ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု (Ownership and control) နှင့် ပတ်သက်၍ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (Ministry of Trade and Investment- MTI) သို့ တင်ပြဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းစဉ်များ**

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းစဉ်နှင့်ပတ်သက်၍ စင်ကာပူနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များမှာ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်းချက်များနှင့် ကွဲပြားမှုရှိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေများတွင် လုပ်ငန်းအမျိုးအစားနှင့်ပတ်သက်၍ နိုင်ငံခြားသားများ ဆောင်ရွက်ရန် ခွင့်မပြုသည့် တားမြစ်လုပ်ငန်းစာရင်း (Prohibited List)၊ ပြည်တွင်း လုပ်ငန်းရှင်များနှင့် ပူးတွဲဆောင်ရွက်ရမည့်/ ဝန်ကြီးဌာနများ၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည့် ကန့်သတ်လုပ်ငန်းစာရင်း (Restricted List) စသည့် ခွင့်မပြုစာရင်း (Negative List) များကိုလည်းကောင်း၊ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ရရှိမည့် ဦးစားပေး လုပ်ငန်းများစာရင်းကိုလည်းကောင်း ရင်းနှီးမြှုပ်နှံမှုဥပဒေများတွင် ထည့်သွင်းဖော်ပြ

ထားလေ့ရှိပါသည်။ စင်ကာပူနိုင်ငံအနေဖြင့် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေဟူ၍ သီးခြားရေးဆွဲ ပြဋ္ဌာန်းထားခြင်းမရှိဘဲ နိုင်ငံခြားသားအနေဖြင့် ကုမ္ပဏီ တည်ထောင်မှုပြုသည့် အချိန်တွင် ဆောင်ရွက်လိုသည့် စီးပွားရေးလုပ်ငန်းကဏ္ဍအလိုက် စိစစ်မှုများကို လွယ်ကူရိုးရှင်းစွာ ဆောင်ရွက်ပါသည်။ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ဥပဒေပိုင်းဆိုင်ရာ ပြဋ္ဌာန်းထားရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း။** စင်ကာပူနိုင်ငံတွင်ပြည်တွင်း ပြည်ပကုမ္ပဏီများ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ၁၉၆၇ ခုနှစ်က ပြဋ္ဌာန်းခဲ့သော စင်ကာပူ ကုမ္ပဏီဥပဒေ (Singapore Company Act) အရ Accounting and Corporate Regulatory Authority (ACRA) အဖွဲ့အစည်းတွင် ဖွဲ့စည်းမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရပါသည်။ ကုမ္ပဏီ တည်ထောင်ခွင့် လျှောက်ထားချိန်တွင် ACRA အနေဖြင့် ကုမ္ပဏီက ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ သဘောထားမေးမြန်းကာ ချိတ်ဆက်ဆောင်ရွက်ပေးပါသည်။ သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ပြတင်းတစ်ပေါက်တည်းမှ ဝင်ရောက်ကာ အွန်လိုင်း ချိတ်ဆက်မှုများအရ အချိန်၊ ငွေနှင့် စမ်းတဝါးဝါးမေးမြန်း ဆောင်ရွက်ရခြင်းမှ ကင်းဝေးသည့် အကျိုးကျေးဇူးကို ရရှိစေ ပါသည်။

(ခ) **နိုင်ငံခြားသားပါဝင် ဆောင်ရွက်မှုကို ထိန်းချုပ်ခြင်း။** စင်ကာပူ နိုင်ငံ၌ စီးပွားရေး လုပ်ငန်းများတွင် နိုင်ငံခြားသား ပါဝင် ဆောင်ရွက်ခွင့်ကို သက်ဆိုင်ရာကဏ္ဍ၏ ဥပဒေများ (Sectoral Laws) တစ်ခုချင်းအလိုက် ပြဋ္ဌာန်းထားရှိပါသည်။ ဥပမာအားဖြင့် သတင်းနှင့် ပုံနှိပ်လုပ်ငန်းအေဂျင်စီများတွင် နိုင်ငံခြားသား ပါဝင်ခွင့်ကို Newspaper and Printing Press Act အရ လည်းကောင်း၊ ဘဏ်လုပ်ငန်းများတွင် နိုင်ငံခြားသား ပါဝင်ခွင့် ကို Banking Act အရလည်းကောင်း ခွင့်ပြုခြင်းဖြစ်ပါသည်။

(ဂ) **အခွန်ကင်းလွတ်ခွင့်။** စင်ကာပူနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှု ဘုတ်အဖွဲ့အနေဖြင့် စီးပွားရေး လုပ်ငန်းများချဲ့ထွင်ရေး မက်လုံး

ပေး ဥပဒေ (Economic Expansion Incentive Act) ကို ပြဋ္ဌာန်းထားပြီး ကာလအလိုက် လုပ်ငန်းအသီးသီးအပေါ် မက်လုံးပေးဆွဲဆောင်မှုများကို ပြောင်းလဲကျင့်သုံးပါသည်။ ဤဥပဒေကို ၂၀၂၃ ခုနှစ်တွင် ပြန်လည်ပြင်ဆင် ခဲ့ပြီး ဝင်ငွေခွန် (Income Tax) ကင်းလွတ်ခွင့်မက်လုံးဖြင့် ဆွဲဆောင်သကဲ့သို့ လုပ်ငန်းအခြေပြုခိုင်ကြေးငွေကင်းလွတ်ခွင့်ပြုခြင်းမက်လုံး (Activity-based Approved Royalty Incentive-ARI) များကို ဘဏ္ဍာရေးဝန်ကြီးဌာနက လုပ်ငန်းအလိုက် စိစစ်ခွင့်ပြုကာ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ပါသည်။ ၎င်းပြင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် စင်ကာပူနိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စင်ကာပူနိုင်ငံ၏ ဆောင်ရွက်ဆဲ စီးပွားရေးလုပ်ငန်းများနှင့် အသစ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းအချို့အတွက် အထောက်အကူပြုစေရန် Budget 2024 အစီအစဉ်သစ်ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

**Budget 2024 အစီအစဉ်ပါ ပြဋ္ဌာန်းချက်များ**

Budget 2024 အစီအစဉ်တွင် စီးပွားရေးလုပ်ငန်းများအတွက် ပြန်လည်ဖြည့်ဆည်းပေးမည့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Refundable Investment Credit) နှင့် အထောက်အကူပြုအစီအစဉ် (Enterprise Support Package) ဟူ၍ (၂) မျိုး ပါဝင်ပါသည်။ ပြန်လည်ဖြည့်ဆည်းပေးမည့် ရင်းနှီး မြှုပ်နှံမှုအစီအစဉ် (Refundable Investment Credit) အောက်တွင် ကာဗွန်လျှော့ချမှုအတွက် စွမ်းအင်ဆိုင်ရာလုပ်ငန်းများ၊ ဒီဂျစ်တယ်ဝန်ဆောင်မှု၊ ထုတ်လုပ်မှုကွင်းဆက် ဝန်ဆောင်မှုများ၊ ကုန်သွယ်မှုချဲ့ထွင်မှု၊ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများစသည့် ဦးစားပေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေချေး ယူနိုင်မှုကို ခွင့်ပြုထားပါသည်။ အလားတူ Enterprise Support Package အောက်တွင် အသေးစား၊ အငယ်စားနှင့် အလတ်စားကဲ့သို့ လုပ်ငန်းများအတွက် ကော်ပိုရိတ်ဝင်ငွေခွန်ပြန်ပေးခြင်း၊ လုပ်ငန်းများ၏ ဘဏ္ဍာရေးအားကောင်းစေခြင်းနှင့် အနာဂတ်လုပ်ငန်းများ၏ ကျွမ်းကျင်မှု အားကောင်းစေရေးပံ့ပိုးမှုအစီအစဉ်တို့ ပါဝင်ပါသည်။

မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေများသည် ရင်းနှီးမြှုပ်နှံမှုအာဏာပိုင်အဖွဲ့အစည်း၏ ဦးဆောင်မှုအောက်တွင် သီးခြားတည်ရှိသော်လည်း စင်ကာပူနိုင်ငံတွင်မူ ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ခြင်းကို

တာဝန်ယူဆောင်ရွက်သည့် ACRA အဖွဲ့အစည်း၏ ကနဦး ပုဂ္ဂလိကလုပ်ငန်းအဖြစ် ခွင့်ပြုပြီးနောက် နိုင်ငံခြားသားပိုင်ဆိုင်မှုခွင့်ပြုမှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ကဏ္ဍအလိုက် ဥပဒေများအရလည်းကောင်း၊ ဘဏ္ဍာရေး (အခွန်) ဆိုင်ရာ ခွင့်ပြုမှုများကို ဘဏ္ဍာရေးဝန်ကြီးဌာနကလည်းကောင်း အာဏာခွဲဝေကာ ကြီးကြပ်ဆောင်ရွက်သည်ဖြစ်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ပိုမိုတည်ဆောက်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေးမူဝါဒများသည် ဆက်စပ်ဥပဒေများ အချိတ်အဆက်မိခြင်း၊ လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာမှုရှိခြင်း၊ လိုင်စင်ခွင့်ပြုမိန့်များကို အွန်လိုင်းစနစ်ဖြင့် အချိန်တိုအတွင်း ရယူဆောင်ရွက်နိုင်ခြင်းစသည့် ထိရောက်သော စွမ်းဆောင်ရည်အခြေခံများကြောင့် ဖြစ်ပါသည်။ အမေရိကန်နိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ်ဌာန ( US Trade Representative Office) က နိုင်ငံအသီးသီး၏ ရင်းနှီးမြှုပ်နှံမှုအခင်းအကျင်းကို နှစ်စဉ်သုံးသပ်မှုများ ဆောင်ရွက်လေ့ရှိရာ စင်ကာပူနိုင်ငံသည် စာရင်းအင်းအချက်အလက်များ ခန့်မှန်းတွက်ချက်ရာတွင် ထိရောက်သေချာမှုရှိခြင်း၊ နိုင်ငံရေးတည်ငြိမ်ခြင်း၊ လုပ်ငန်းများအားလုံးက လိုက်ပါဆောင်ရွက်နိုင်သည့် ကော်ပိုရိတ်စီမံခန့်ခွဲမှု စနစ်အားကောင်းခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လာရောက်ကာ လုပ်ငန်းလုပ်ကိုင်ရန်အတွက် လျှပ်စစ်မီး၊ ရေ၊ လမ်း၊ တံတားစသည့် ခိုင်မာသော အခြေခံအဆောက်အဦများရှိခြင်း၊ နိုင်ငံတကာနှင့် လွတ်လပ်သောကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များတွင် ပါဝင်ခြင်းစသည့် အားသာချက်များရှိကြောင်းကို သုံးသပ်ထားပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

ဒေါ်စန္ဒာမြင့်<br>
ဦးစီးအရာရှိ<br>
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## AI နည်းပညာ၏ သတိပြုစရာ အန္တရာယ်များ

လက်ရှိ ၂၁ ရာစုတွင် AI (Artificial Intelligence) သည် လူသားတို့၏ နေ့စဉ်ဘဝ၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် နည်းပညာကဏ္ဍများအထိ နက်ရှိုင်းစွာ အကူအညီပေးနေသည့် အရေးပါသော အင်အားတစ်ရပ်ဖြစ်လာသည်။ စက်မှုတော်လှန်ရေးကဲ့သို့ပင် AI နည်းပညာသည် ကမ္ဘာ့လူမှုစနစ်ကို အခြေခံမှစ၍ အပြောင်းအလဲများဖြစ်စေပြီး လူသားတို့၏ အလုပ်လုပ်ပုံ၊ ဆက်သွယ်ပုံနှင့် ဆုံးဖြတ်ချက် ချမှတ်ပုံများကို အရှိန်မြင့် တိုးတက်လာစေသည်။ AI ၏ စွမ်းရည်နှင့် သက်ရောက်မှုများကို နားလည်ရန် လိုအပ်သကဲ့သို့ ၎င်း၏ အခန်းကဏ္ဍကို မှန်ကန်စွာ အသုံးချနိုင်ရေးမှာလည်း ခေတ်၏ အရေးကြီးသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ AI နည်းပညာ၏ အနာဂတ်တွင် ဖြစ်လာနိုင်သော အန္တရာယ်များကို အောက်ပါ သတင်းဆောင်းပါးတွင် သတိပြုဖွယ် လေ့လာနိုင်ပေမည်။

ကမ္ဘာ့ထိပ်တန်း AI ကုမ္ပဏီတစ်ခု၏ အမှုဆောင်အရာရှိချုပ်က AI နည်းပညာသည် မဝေးတော့သည့်အနာဂတ်တွင် အလုပ်လက်မဲ့ဖြစ်မှုကို ရုတ်တရက် မြင့်တက်လာစေနိုင်သည်ဟု သတိပေးလိုက်ပြီး မူဝါဒချမှတ်သူများနှင့် အဖွဲ့အစည်း ခေါင်းဆောင်များသည် အဆိုပါကိစ္စအတွက် အဆင်သင့်ဖြစ် မနေသေးကြောင်း ၎င်းကဆိုသည်။ **"တီထွင်ကြံဆရတဲ့ အလုပ်အကိုင် အများစုမှာ AI က လူသားတွေရဲ့ စွမ်းဆောင်ရည်ထက် ပိုမိုကောင်းမွန်လာပြီဖြစ်ပြီး လူမှုအသိုင်းအဝိုင်း အနေနဲ့ ယင်းပြဿနာကို အတူတကွ ရင်ဆိုင်ကြရမှာ ဖြစ်တယ်"** ဟု Anthropic ၏ CEO ဖြစ်သူ Dario Amodei က CNN ၏ အစီအစဉ်တင်ဆက်သူ Anderson Cooper နှင့် ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်က တွေ့ဆုံမေးမြန်းမှုတွင် ပြောကြားသည်။ **"AI က လူတိုင်းလုပ်နေသည့်အလုပ်၊ ကျွန်တော်လုပ်နေသည့်အလုပ်၊ အခြား CEO များ၏ အလုပ်များကိုပါ ပိုကောင်းအောင် လုပ်ဆောင်လာနိုင်တော့မယ်"** ဟု ၎င်းက ဆိုသည်။




Amodei က Anthropic နှင့် အခြား AI ကုမ္ပဏီများက ဖန်တီးနေကြသော နည်းပညာများသည် အခြေခံဝန်ထမ်း အလုပ်အကိုင်များ၏ ၅၀% ကို ဖယ်ရှားပစ်နိုင်ပြီး၊ လာမည့် ၁ နှစ်မှ ၅ နှစ် အတွင်း အလုပ်လက်မဲ့နှုန်း ၂၀% အထိ မြင့်တက်လာစေနိုင်မည်ဟု ယုံကြည်ထားသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံ၏ အလုပ်

လက်မဲ့နှုန်းသည် COVID-19 ကပ်ရောဂါ ဖြစ်ပွားသည့် ကာလကရှိခဲ့သည့် အလုပ်လက်မဲ့နှုန်းထက် ငါးဆအထိ မြင့်တက်လာနိုင်မည်ဖြစ်သည်ဟု ၎င်းက ဆိုသည်။

AI သည် လာမည့်နှစ်များအတွင်း စီးပွားရေးကို မည်ကဲ့သို့ လျင်မြန်စွာ မြှင့်တင်ပေးနိုင်သည်ဆိုသည်မှာ ပထမဆုံးသော သတိပေးချက်မဟုတ်ပါ။ သုတေသီများနှင့် စီးပွားရေးပညာရှင်များ ကလည်း AI သည် လာမည့်နှစ်များအတွင်း အလုပ်အကိုင်အချို့ကို အစားထိုးလာနိုင်မည်ဟု သတိပေးထားကြသည်။ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ ၂၀၂၅ စစ်တမ်းအရ အလုပ်ရှင်များ၏ ၄၁% သည် အလိုအလျောက်စနစ်ကြောင့် ၂၀၃၀ ပြည့်နှစ်တွင် ၎င်းတို့၏ လုပ်သားအင်အားကို လျှော့ချရန် စီစဉ်နေကြောင်းသိရသည်။

သမိုင်းတစ်လျှောက် နည်းပညာတိုးတက်မှုအရ လစာနည်း၍ ကျွမ်းကျင်မှုနည်းပါးသော အလုပ်အကိုင်များကို အလိုအလျောက် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး၊ ရွှေ့ပြောင်းလုပ်သားများကို ပိုမိုအကျိုးအမြတ်များသည့် ရာထူးများရရှိနိုင်စေရန် လေ့ကျင့် သင်ကြားပေးနိုင်မည်ဖြစ်သည်။ သို့သော် အမိုဒေးယီ၏ အဆိုအရ AI သည် အထူးကျွမ်းကျင်မှု လိုအပ်သော ဝန်ထမ်းများ၏ အလုပ်များကိုပါ အစားထိုးလာနိုင်ပြီး၊ ထိုအလုပ်သမားများအတွက် အလားတူ (သို့) ပိုမိုအကျိုးအမြတ်များသည့် အလုပ်များ ရှာဖွေနိုင်ရန် အခက်အခဲ များ ရှိလာစေနိုင်သည်ဟု ဆိုသည်။



အမိုဒေးယီက ဥပဒေပြုသူများသည် AI ကုမ္ပဏီများအပေါ် အခွန်စည်းကြပ်ရန် စဉ်းစားရမည်ဟု အကြံပြုထားသည်။ **"AI က အကျိုးမြတ်များစွာကို ဖန်တီးပေးနိုင်မယ်ဆိုရင် သာမန်လုပ်သားများထက် AI ကုမ္ပဏီများက အလုပ်များ ပိုမိုရရှိလာမှာ ဖြစ်တယ်၊ ဒီလိုပြောဆိုခြင်းက ကျွန်တော့် အကျိုးစီးပွားအတွက်ပဲ မဟုတ်ပါဘူး၊ ဒါကို အားလုံး ဝိုင်းဝန်း စဉ်းစားသင့်တယ်လို့ ထင်ပါတယ်"** ဟု ၎င်းက ဆိုသည်။

**AI နည်းပညာသည် ပိုမြန်၊ ပိုကျယ်ပြန့်၊ လိုက်လျောညီထွေဖြစ်ရန် ပိုခက်ခဲ**

သုတေသီများနှင့် စီးပွားရေးပညာရှင်များက AI ၏ ကျေးဇူးကြောင့် လာမည့်နှစ်များတွင် ရှေ့နေလက်ထောက်များ၊ လခစားဝန်ထမ်းများ၊ ဘဏ္ဍာရေးဆိုင်ရာ အကြံပေးများအပြင် ကုဒ်ရေးသားသူများအထိ ၎င်းတို့၏ အလုပ်များကို သိသိသာသာ ပြောင်းလဲသွားနိုင်ကြောင်း ခန့်မှန်းထား သည်။ Meta ၏ CEO ဖြစ်သူ Mark Zuckerberg က လာမည့်တစ်နှစ်အတွင်း ၎င်းတို့ကုမ္ပဏီ၏ ကုဒ်တစ်ဝက်

ကို AI ကရေးသားနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ Microsoft ၏ CEO ဖြစ်သူ Satya Nadella ကလည်း ၎င်းတို့၏ ကုဒ် ၃၀% ကို AI ကရေးသားနေပြီဟုဆိုသည်။

Amodei က Anthropic အနေဖြင့် လူသားအလုပ်များကို ကူညီပံ့ပိုးရန် (သို့မဟုတ်) အလိုအလျောက် လုပ်ဆောင်ရန် AI မော်ဒယ်များကို အသုံးပြုသူ အရေအတွက်ကို ခြေရာခံထားသည် ဟု ပြောကြားခဲ့သည်။

`**"လက်ရှိမှာ AI အသုံးပြုမှုရဲ့ ၆၀% ခန့်က အလုပ်တွေကို အထောက်အကူပြုစေရန်အတွက် အသုံးပြုလျက်ရှိပြီး ၄၀% ခန့်က အလိုအလျောက် ဆက်လက်လုပ်ဆောင်ရန်အတွက် အသုံးပြု နေကြတာဖြစ်တယ်"** ဟု ၎င်းကဆိုသည်။

ပြီးခဲ့သည့်အပတ်က Anthropic သည် လူသား၏ ကြီးကြပ်မှုနည်းပြီး ရှုပ်ထွေးသောအလုပ်များကို ၇ နာရီ ဆက်တိုက် လုပ်ဆောင်နိုင်သည့် AI မော်ဒယ် အသစ်တစ်ခုကို ထုတ်ပြနိုင်ခဲ့သည်။ Amodei က **"လူအများစုက AI ရဲ့ တိုးတက်မှုအရှိန်ကို နားမလည်သေးသော်လည်း သာမန် အလုပ်သမားများအနေနဲ့ AI ကို အသုံးပြုတတ်အောင် သင်ယူသင့်တယ်"** ဟု ဆိုသည်။

**"လူတို့သည် ယခင်နည်းပညာပြောင်းလဲမှုများကို လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်ခဲ့ သည်။ သို့သော် ယခုတစ်ကြိမ်တွင် ပိုမြန်၊ ပိုကျယ်ပြန့်၊ လိုက်လျောညီထွေဖြစ်ရန် ပိုခက်ခဲ သည်ဟု ဆိုကြသည်"** ဟု ၎င်းက ပြောသည်။

**AI ၏ စီးပွားရေးအပေါ် သက်ရောက်မှုအတွက် အစီအစဉ်ရေးဆွဲရန် အချိန်ရောက်**

အချို့သော သံသယရှိသူများက AI ကုမ္ပဏီများသည် အင်တာနက်ပေါ်ရှိ အရည်အသွေးမြင့် အချက်အလက်များကို ကုန်ဆုံးသွားပါက AI ၏ တိုးတက်မှုနှုန်း နှေးကွေးသွားနိုင်မည်ဟု ဆိုကြသည်။ အချို့ပညာရှင်များကလည်း အလုပ်တစ်ခုလုံးကို AI ဖြင့် အစားထိုးမည့်အစား အလုပ်၏ အစိတ်အပိုင်းများကိုသာ အလိုအလျောက် လုပ်ဆောင်ပေးမည်ဖြစ်ပြီး၊ လူသားများအနေနှင့် ကွန်ပျူတာများ မလုပ်နိုင်သေးသော ရှုပ်ထွေးသည့်အလုပ်များကို ပိုမိုလုပ်ဆောင်ရန် အချိန်ရလာမည်ဟု ယူဆကြသည်။

သို့သော် မည်သည့် ခန့်မှန်းချက်ကိုပင် ယုံကြည်သည်ဖြစ်စေ၊ အများစုက AI ၏ စီးပွားရေးအပေါ် သက်ရောက်မှုအတွက် အစီအစဉ်ရေးဆွဲရန် အချိန်ရောက်ပြီဟု သဘောတူကြသည်။

ဗာဂျီးနီးယားတက္ကသိုလ်မှ စီးပွားရေးဆိုင်ရာ ပါမောက္ခ Anton Korinek က **"စီးပွားရေးသည် အမြဲတမ်း အလုပ်အသစ်များ ဖန်တီးပေးတယ်ဟု ပြောလေ့ရှိတယ်"** ဟု ဆိုသည်။ **"ယခင်က မှန်သော်လည်း ယခု AI များသည် အလုပ်အသစ်များကိုပါ လုပ်ကိုင်လာနိုင်ပြီး လူသားများထက် ပိုမိုမြန်ဆန်စွာ သင်ယူလာနိုင်တာ**

**ဖြစ်တယ်"** ဟု ၎င်းက ပြောသည်။

အမိုဒေးယီက AI သည် ရောဂါများကို ကုသပေးခြင်းကဲ့သို့သော အပြုသဘောဆောင်သည့် အကျိုးကျေးဇူးများလည်းရှိမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။ **“ကမ္ဘာကို ပိုမိုကောင်းမွန်စေမည်ဟု မယုံကြည်ပါက ကျွန်တော် ဒီနည်းပညာကို တည်ဆောက်နေမှာမဟုတ်ပါဘူး”** ဟု ၎င်းက ဆိုသည်။

**‘သတိပေးချက်’ အခြားရည်ရွယ်ချက်များလည်း ရှိနိုင်**

Amodei ၏ ဤသတိပေးချက်သည် ၎င်းသည် တာဝန်ယူမှုရှိသော AI ခေါင်းဆောင်တစ်ဦးအဖြစ် ဂုဏ်သတင်းတက်စေသည်။ ထိပ်တန်း AI ကုမ္ပဏီများသည် အင်အားအကြီးဆုံး မော်ဒယ်များကို ဖန်တီးနိုင်ရုံသာမက နည်းပညာပြောင်းလဲမှုအတွက် ယုံကြည်စိတ်ချရဆုံး စီမံအုပ်ချုပ်သူများ ဖြစ်လာစေရန် ကြိုးပမ်းလျက်ရှိသည်။

Futuremade ၏ CEO နှင့် နည်းပညာ ဆိုင်ရာ လေ့သာသုံးသပ်သူ Tracey Follows က **“Amodei ရဲ့ သတင်းစကားဟာ ကမ္ဘာ့နိုင်ငံသားများကို သတိပေးရုံသာမက အမှန်တရားပြောခြင်း၊ ဂုဏ်သတင်း ထိန်းသိမ်းခြင်း၊ စျေးကွက်အနေအထားနှင့် မူဝါဒ ပိုင်းဆိုင်ရာ အကြံပေးခြင်းတို့လည်း ပါဝင်တယ်”** ဟု ဆိုသည်။




**“လာမယ့် ၅ နှစ်အတွင်း အမေရိကန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ၂၀% တိုးမည်ဟု ကြိုတင်ခန့်မှန်းထားခြင်း Anthropic ၏ မော်ဒယ်ကို မည်သူမျှ မတားဆီးပါက Anthropic အပေါ် အပြစ်မတင်နိုင်တော့ပါ။ ၎င်းတို့အနေနဲ့ ကြိုတင်သတိပေးထားပြီး ဖြစ်တယ်”** ဟု ၎င်းကဆိုသည်။

Amodei က **“ဒီဘတ်စ်ကားကို ကျွန်တော်တို့ မရပ်နိုင်ဘူးဆိုလျှင် ဒီ AI နည်းပညာရဲ့ အန္တရာယ်တွေကို သတိပြုမိပြီး ကိုင်တွယ်ဖြေရှင်းနိုင်ကာ အကျိုးအမြတ်ရယူနိုင်တဲ့ လမ်းကြောင်းဆီသို့ ဦးတည်ရန် အနည်းငယ် ကူညီနိုင်မယ်လို့ မျှော်လင့်ပါတယ်”**ဟု ဆိုသည်။

Source: https://edition.cnn.com/2025/05/29/tech/ai-anthropic-ceo-dario-amodei-unemployment

ဖြိုးပြည့်စိုး

ဒုတိယဦးစီးမှူး

ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများဌာနခွဲ

# ရင်းနှီး/ စီးပွား ပြည့်စွမ်းအား

ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။
www.mifer.gov.mm